ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ (23-8-2006) (၁၀၅၈)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိမိတို့တပ်မတော်သည် တပ်သားသစ်များစုဆောင်းရာ၌ ၎င်းတို့၏သဘောဆန္ဒအရ ဝင်ရောက်ခွင့်ပြုသတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်ညီညွတ်မှသာလျှင် တပ်သားသစ်အဖြစ် လက်ခံ တပ်သားသစ်များသည် အသက်(၁၈)နှစ် ပြည့်ပြီးဖြစ်ရမည့်အပြင် ကျန်းမာရေးဆိုင်ရာ အခြားအချက်များနှင့် ပြည့်စုံမှ လက်ခံရမည်ဖြစ်ကြောင်း တိတိကျကျ ညွှန်ကြားထား

နေပြည်တော်   ဩဂုတ်   ၂၂

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၃နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီဝင်များဖြစ်ကြသည့် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယတရားသူကြီးချုပ်၊ ဒုတိယရှေ့နေချုပ်၊ တပ်မတော်အရာရှိကြီးများနှင့် ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ် တားဆီးထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror

ဆောင်းပါး အညွှန်း

❐ *နိုင်ငံ့ဝန်ထမ်းတစ်ဦး၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်နေစိတ်ထားသည် လုပ်ငန်းဌာနကိုသာမက နိုင်ငံတော်အထိပင် ရောင်ပြန်ဟပ်နိုင်ကြောင်း သတိပြုသင့်ပေသည်။*

မောင်သံငြိမ်း၏ "နိုင်ငံ့ဝန် ထမ်းကြရာဝယ်"

(ဆောင်းပါး) စာမျက်နှာ -၃

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂၃–၈–၂၀၀၆
(ဗုဒ္ဓဟူးနေ့)

စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေး အကျိုးပြုရေလှောင်တမံများ

မြန်မာနိုင်ငံအလယ်ပိုင်း ပုဂံ–ညောင်ဦးဒေသတွင် နိုင်ငံတော်က မြစ်ရေတင်စီမံကိန်းများ၊ ရေလှောင်တမံများကို အခြေအနေပေးသည်နှင့်အမျှ တည်ဆောက်ပေးခဲ့ရာ ယခုအခါ သီးနှံစိုက်ဧကများ တိုးလာပြီး သန့်ရှင်းသော သောက်သုံးရေလုံလောက်စွာ ရရှိနေပြီဖြစ်သည်။

မန္တလေးတိုင်း ညောင်ဦးမြို့နယ်၌ ဩဂုတ်လ ၂၀ ရက်နေ့က ဖွင့်လှစ်လိုက်သည့် ငါ့သရောက်ရေလှောင်တမံအပါအဝင် နိုင်ငံတစ်ဝန်းတွင် ဆည်တမံ၊ ရေထိန်းတံခါးပေါင်း ၁၈၈ ခုနှင့် မြစ်ရေတင်စီမံကိန်းလုပ်ငန်း ၂၉၃ ခုတို့ကို နိုင်ငံတော်က တည်ဆောက်ပေးထားပြီ ဖြစ်သည်။

အဆိုပါ ရေရရှိရေး ဖြည့်ဆည်းပေးမှုများသည် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို အထောက်အကူပြုနေသကဲ့သို့ ဒေသပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုကိုပါ အကျိုးဖြစ်ထွန်းစေလျက်ရှိကြောင်း တွေ့မြင်နေရသည်။ သီးနှံရေသွင်းစိုက်ပျိုးသော ဧရိယာသည် ၁၉၈၈–၈၉ ခုနှစ်က ဧကနှစ်သန်းကျော်သာရှိခဲ့ရာမှ ယခုအခါ ဧကခုနစ်သန်းကျော်အထိ တိုးတက်နေပြီဖြစ်သည်။

ပုဂံ–ညောင်ဦးဒေသတွင် ငါ့သရောက်ရေလှောင်တမံကို တည်ဆောက်ဖွင့်လှစ်နိုင်သည့်အတွက် ပတ်ဝန်းကျင်ကျေးရွာအုပ်စုသုံးခုမှာ ယခင်က ပထမတစ်သီး မိုးမြေပဲဧကတစ်ထောင်နှင့် မိုးလယ်တွင် နှမ်းဧကတစ်ထောင်သာ စိုက်ပျိုးနိုင်ခဲ့ကြရာမှ ယခုအခါ ပထမတစ်သီး မိုးပဲတီစိမ်းဧက ၂၀၀၀၊ ဒုတိယတစ်သီးမိုးစပါးဧက ၅၀ နှင့် မြေပဲဧက ၁၉၅၀ စုစုပေါင်းဧက ၄၀၀၀ အထိ တိုးချဲ့စိုက်ပျိုးလာနိုင်တော့မည် ဖြစ်သည်။

ရေလှောင်တမံမှ စိုက်ပျိုးရေပေးဝေနိုင်မှုနှင့်အတူ သီးနှံစိုက်ခွမ်းအား တိုးတက်လာမည်ဖြစ်ရာ တောင်သူလယ်သမားများ ဝင်ငွေတိုးအကျိုးရှိလာသဖြင့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အဆင့်အတန်းများ ပိုမိုမြင့်မားလာမည်ဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်က ဆည်တမံ၊ ရေထိန်းတံခါးများစွာကို တည်ဆောက်ပေးလျက်ရှိရာ နိုင်ငံတစ်ဝန်း၌ ဆည်ရေသောက်လယ်ယာမြေများနှင့် ရေဘေးကာကွယ်ရေး ဧရိယာများ တိုးတက်များပြားစွာ အကျိုးခံစားနေကြရပြီ ဖြစ်သည်။ တောင်သူလယ်သမားများအနေဖြင့် ဆန်စပါးနှင့် မိမိတို့ဒေသ၏ ရေမြေသဘာဝနှင့် ကိုက်ညီသည့် သီးနှံများကို တိုးချဲ့စိုက်ပျိုးကြခြင်းဖြင့် သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းများ အပြည့်အဝ ရရှိလာနိုင်မည်ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းကျိုက်ဝိုင်းဘုရားလမ်း ရဲရန်အောင်လမ်းသွယ်နေ ဦးသိန်းလွန်း–(ဒေါ်ခင်မေသီ)တို့၏ သမီး ဒေါ်စံပယ် အသက် (၆၀)ပြည့်အဖြစ် အလှူတော်ငွေ ကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ (လုမ္ဗိနီ)ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် သိန်းဆွေ ဗိုလ်မြတ်ထွန်းတံတား မြစ်ကြောင်းစီးဆင်းမှု အခြေအနေနှင့် ကမ်းပြိုမှု ကာကွယ်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။
(ပို့ဆောင်ရေး)

တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ ဧရာဝတီတိုင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၂

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေတို့သည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၀ ရက် နံနက်ပိုင်းတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဧရာဝတီတိုင်းဌာနခွဲရုံး(ပုသိမ်)သို့ ရောက်ရှိလာရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က ဧရာဝတီတိုင်းဌာနခွဲ(ပုသိမ်) အခြေပြုရေယာဉ်များပြေးဆွဲနေမှု၊ ကုန်တင်ကုန်ချလုပ်ငန်းဆောင်ရွက်နေမှု၊ ဝင်ငွေရရှိမှုနှင့် ခရီးသည် ကုန်တန်ချိန်ရရှိမှု၊ အသုံးစရိတ်များကို လည်းကောင်း၊ ဧရာဝတီတိုင်း (ပုသိမ်)မန်နေဂျာက ပုသိမ်မှ ရန်ကုန်မြို့သို့ သင်္ဘောများဖြင့် ဆန်နှင့်စားသောက်ကုန်ပစ္စည်းများ၊ အထွေထွေကုန်ပစ္စည်းများ သယ်ဆောင်ပေးမှု၊ ဝန်ထမ်းဖွဲ့စည်းပုံတို့နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ခရီးသည်များ သွားလာရေးအဆင်ပြေအောင် ဆောင်ရွက်ရေး၊ ဈေးကွက်စီးပွားရေးနှင့်အညီ အောင်မြင်အောင်ဆောင်ရွက်ရေး၊ ဝင်ငွေတိုး၍ အသုံးစရိတ်ချွေတာရေး၊ ခရီးသည်များ လုံခြုံမှုရှိရေး၊ စက်သုံးဆီများ ချွေတာသုံးစွဲရေး၊ မိမိဌာန၊ မိမိနိုင်ငံ၏ အကျိုးစီးပွားကိုသာ အဓိကထား ဆောင်ရွက်ကြရေး၊ ဒေသခံ တာဝန်ရှိသူများနှင့် ညှိနှိုင်း၍ အောင်မြင်အောင် ဆောင်ရွက်ကြရေး မှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က နိုင်ငံတော် အပိုင်း၏ ပံ့ပိုးကူညီမှုများကို အလေးထား ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းများ အောင်မြင်အောင် သက်ဆိုင်ရာဌာနအဆင့်ဆင့်မှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် အသေးစိတ်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မေတ္တာဦးတံတား၌ ရန်ကုန်မြို့မှ ဝင်ရောက် ဆိုက်ကပ်လာသော ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင် ဗလကျော်ခေါင်ဖြင့် လိုက်ပါလာကြသည့် ခရီးသည်များ အခြေအနေ၊ ဆိပ်ကမ်းအခြေအနေ၊ ရေယာဉ်များ ပြေးဆွဲမှု အခြေအနေတို့ကို လည်းကောင်း၊ ပုသိမ်မြို့ကမ်းနားလမ်း ရွှေးဖိုတပ်ရပ်ကွက်အနီး၌ ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကိုလည်းကောင်း၊ ကမ်းနားလမ်းတစ်လျှောက် သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဖြည့်ဆည်း

ယင်းမှတစ်ဆင့် ဝန်ကြီးသည် ညောင်တုန်းမြို့ ဗိုလ်မြတ်ထွန်းတံတား(ကြိမ်ပင်ဆည်) ကမ်းထိန်းလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်က ဗိုလ်မြတ်ထွန်းတံတား ကမ်းထိန်းလုပ်ငန်းနှင့် မြစ်ကြောင်းပြောင်းလဲရေး လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ညွှန်ကြားရေးမှူး (ရေလမ်းထိန်း) ဦးလှမြင့်သိန်းက ဗိုလ်မြတ်ထွန်းတံတား ကြိမ်ပင်ဆည်ဘက်ခြမ်း ကမ်းထိန်းလုပ်ငန်းနှင့် ရေကြောင်းပြောင်းလဲမှု လုပ်ငန်း အဆင့်ဆင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဖြစ်ထွန်းတိုးတက်အောင်မြင်နေသည့် အခြေအနေ၊ ရေရှည်ဆောင်ရွက်ရန် လိုအပ်မည့် အစီအမံများကို လည်းကောင်း၊ ဗိုလ်မြတ်ထွန်းတံတားအောက် ဖြတ်ကူးမည့် ရေယာဉ်များ အစုန်လမ်းကြောင်းနှင့် အဆန်လမ်းကြောင်း ပြောင်းလဲသတ်မှတ်ထားရှိမှု အခြေအနေ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် ဗိုလ်မြတ်ထွန်းတံတား ကြိမ်ပင်ဆည် ကမ်းထိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှု၊ ရေလမ်းကြောင်း ပြောင်းလဲရေး ဆောင်ရွက်ထားရှိမှု၊ ဧရာဝတီမြစ်လမ်းကြောင်း အခြေအနေနှင့် ကြိမ်ပင်ဆည်အတွင်း အောင်းရေကျန်ရှိနေမှု အခြေအနေ၊ ရေယာဉ်များ ဝင်ရောက်ဖြတ်သန်းမည့် သတ်မှတ် အစုန်၊ အဆန် ရေလယ်တိုင်နှင့် ရေစီးကြောင်း အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းဆောက်လုပ်ရေး လှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၂၂

ဦးဆောင်နာယက ဆရာတော်များဖြစ်ကြသော ဘဒ္ဒန္တကုဏ္ဍလဇောတိ (ပြည်ဆရာတော်)၊ ဘဒ္ဒန္တဉာဏိဿရ (သီတဂူဆရာတော်)၊ဘဒ္ဒန္တတိလောကာဘိဝံသ (အင်းစိန်–ရွာမ ပရိယတ္တိ)၊ ဘဒ္ဒန္တတိလောက (စင်ကာပူ ဆရာတော်)၊ ဘဒ္ဒန္တကုမာရ (မဟာသိမ်တော်ကြီး)၊ ဘဒ္ဒန္တဆေကိန္ဒ(ဓမ္မဒူတဆရာတော်) တို့၏ ဩဝါဒကို ခံယူ၍ အိန္ဒိယနိုင်ငံတွင် ပညာသင်ကြားနေကြသော မြန်မာရဟန်းသံဃာများ ဖွံ့ဖြိုးရေးအဖွဲ့ပိုင် ကျောင်းဆောက်လုပ်ရန်နှင့် ပညာသင်ရေးအတွက် အလှူငွေများ လှူဒါန်းနိုင်ကြောင်းသိရသည်။

အလှူရှင်များအနေဖြင့် အရှင်ရာဇိန္ဒ (နာလန္ဒာတက္ကသိုလ်) ဖုန်း–၀၉၅၁–၀၉၄၂၅၊အရှင်ဥက္ကဋ္ဌ (မဂဓတက္ကသိုလ်)၊ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၊ ပန်းဘဲတန်းမြို့နယ်၊ ဖုန်း–၀၁–၃၇၀၉၆၁၊ ဒေါက်တာယဉ်မင်းဦး (ခ) ဒေါက်တာနိုက်တင်ဂေးလ်၊ မီးအိမ်ရှင်စာအုပ်တိုက်နှင့် နိုက်တင်ဂေးလ် ဆေးကုခန်း ဖုန်း–၀၉၅၁–၆၃၄၉၃၊ ဆရာနွယ်ဦးလှိုင် (အယ်ဒီတာချုပ်)–နေလဂျာနယ်၊ ဖုန်း–၀၁–၅၁၆၀၉၉ (လိုင်းခွဲ–၄၆၀၆) နှင့် ဦးမျိုးဆွေ–ဒေါ်မြရှင် ဖုန်း၀၁–၅၂၇၅၆၄၊ ၀၉၅၀–၁၅၉၂၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့်ထံသို့ တာမွေမြို့နယ် နှင်းဆီလမ်းနေ ဦးခင်မောင်ဘို၊ ဒေါ်ကြည်ကြည်ဝင်း၊ သား သီဟဇော်၊ သမီး ခိုင်ခိုင်သင်းတို့က ငွေကျပ်တစ်သိန်းလှူဒါန်းစဉ်။ (က–ပ)

နိုင်ငံ့ဝန် ထမ်းကြရာဝယ်

မောင်သံငြိမ်း

နိုင်ငံ့ဝန် ထမ်းကြရာဝယ် ဟူသည့် ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်စောင်ကို နိုင်ငံ့ဝန်ထမ်းဘဝ နှစ်ပတ်လည် အမှတ်တရအဖြစ် လွန်ခဲ့သည့် နှစ်နှစ်က ရေးသားဖော်ပြခဲ့ဖူးပါသည်။ ပြီးခဲ့သည့် လအနည်းငယ်ခန့်က မြန်မာနိုင်ငံမှ နိုင်ငံ့ဝန်ထမ်းများအတွက် သိသိသာသာ တိုးတက်ဖြစ်ထွန်းမှုများ ပေါ်ပေါက်ခဲ့ရာ **"နိုင်ငံ့ဝန် ထမ်းကြရာဝယ်"** ခေါင်းစဉ်ဖြင့်ပင် ဆောင်းပါးတစ်စောင် ထပ်မံရေးသားရန် အကြံရခဲ့သည်။ ယခု ဝန်ထမ်းဘဝ နှစ်ပတ်လည်နေ့ရောက်မှ လက်တွေ့ရေးဖြစ်ပါတော့သည်။

နိုင်ငံ့ဝန်ထမ်းများအတွက် မကြာမီက ပေါ်ပေါက်ခဲ့သော တိုးတက်ဖြစ်ထွန်းမှုဖြစ်စဉ်နှစ်ရပ်မှာ နေပြည်တော်သို့ ပြောင်းရွှေ့အခြေချခြင်းဖြစ်စဉ်နှင့် ဝန်ထမ်းလစာ သိသိသာသာ တိုးမြှင့်ပေးခြင်းဖြစ်စဉ်များ ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရရုံးဌာနများ နေပြည်တော်သို့ ပြောင်းရွှေ့အခြေချခြင်း ဖြစ်စဉ်မှာ လအနည်းငယ်ကြာမြင့်ခဲ့ပြီဖြစ်ပြီး စနစ်တကျကြိုတင်ပြင်ဆင်မှုဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့သဖြင့် အတော်အတန် နေသားတကျဖြစ်နေသည်ကို ဝန်ထမ်းများ အသိပင် ဖြစ်ပါသည်။

တစ်သက်တွင် တစ်ခါပင် ကြုံခွင့်မရသည့် ဖြစ်စဉ်ဖြစ်ရပ်တွင် နိုင်ငံ့ဝန်ထမ်းများ လက်တွေ့အကျိုးခံစားရသည်မှာ နိုင်ငံတော်က စနစ်တကျ စီမံဆောက်လုပ်ပေးထားသည့် ခမ်းနားထည်ဝါလှပသော ပုံစံတူ ရုံးအဆောက်အအုံ အသစ်များတွင် အလုပ်လုပ်ကိုင်ရခြင်းနှင့် ရာထူးအဆင့်အလိုက် သက်သောင့်သက်သာနေထိုင်နိုင်ရန် ဆောက်လုပ်ပေးထားသည့် နေအိမ်၊ အခန်းများတွင် နေထိုင်ခွင့်ရရှိခြင်း အကျိုး ကျေးဇူးများပင် ဖြစ်ပါသည်။ ဝန်ထမ်းဘဝ၏ ဂုဏ်ယူဖွယ်ရာပင် ဖြစ်ပါသည်။

မျက်မှောက်ခေတ်ကာလ နိုင်ငံ့ဝန်ထမ်းဘဝ၏ ဂုဏ်ယူဖွယ်ရာဖြစ်ရပ်နှင့် ဆက်စပ်၍ နိုင်ငံတော်နှင့် နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ရမည်သာ ဖြစ်ပါသည်။

အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဖြစ်စဉ်ဖြစ်ရပ် အခြေအနေများကို သုံးသပ်တွေးဆ၍ နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင်ဦးဆောင်ပြီး အမြော်အမြင်ကြီးမားစွာဖြင့် နေပြည်တော်ပြောင်းရွှေ့ အခြေစိုက်ရာတွင် နေပြည်တော် အင်္ဂါရပ်နှင့်အညီ အစိုးရရုံး၊ ဝန်ကြီးဌာနများ ပြောင်းရွှေ့ရမည်သာ ဖြစ်ပါသည်။

ရန်ကုန်မြို့ရှိ ဝန်ကြီးဌာနများရုံးစိုက်ခဲ့ရာ ဝန်ကြီးများရုံးမှာ ယခင်ကိုလိုနီခေတ်က ဆောက်လုပ်ခဲ့ပြီး နှစ်ပေါင်းများစွာ တည်ရှိခဲ့သည့် အတွင်းဝန်ရုံးဟောင်းကြီးသာဖြစ်သည်။ မကြာမီ နှစ်အနည်းငယ်က ခွဲခြားဆောက်လုပ်ခဲ့သည့် ဝန်ကြီးဌာနအချို့သာ ရုံးအဆောက်အအုံအသစ်နှင့် နေရသည်။ ခြောက်ထပ်ရုံးသစ်ကြီးဆိုသည်မှာလည်း နှစ် ၅၀ ခန့် သက်တမ်းရှိသည့် ရုံးဟောင်းကြီးဖြစ်နေလေပြီ။ မိုးယိုသည်နှင့်၊ ကြမ်းကျွံသည်နှင့်၊ ရေမိလ္လာပိုက် ချွတ်ယွင်းသည်နှင့် မကြာခဏ ကြုံတွေ့ရသည့် ရုံးဟောင်းကြီးများ ဖြစ်သည်။ သံလေှကားပင် တိုက်စား၍ တစ်ခြမ်းပဲ့နေပြီ ဖြစ်ပါသည်။

ယခုတော့ သစ်လွင်ခံ့ညားကျယ်ဝန်းသည့် ရုံးသစ်ကြီးများမှာ နေပြည်တော်ရှိ ဝန်ထမ်းများ ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာပင်၊ ရုံးနံပါတ်များဖြင့် တစ်မျှော်တစ်ခေါ် စီတန်းတည်ရှိနေကြသည်။ သပြေကုန်းဒေသမှ ရှုမငြီးဖွယ်ရာ မြင်ကွင်းသစ်တစ်ရပ် ဖြစ်နေပါသည်။ ဝန်ကြီးဌာန အသီးသီးကလည်း ရုံးပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ မြင်ကွင်းပဒေသာလှပရေးအတွက် ကြိုးပမ်းစိုက်ပျိုးတည် ဆောက်နေကြသည်မှာ အားရဖွယ်ရာ ဖြစ်နေပါပြီ။ စိုက်ပျိုးထားသည့် သစ်ပင်၊ ပန်းမန်တွေကလည်း အလှချင်းပြိုင်နေကြပါပြီ။

နေပြည်တော်မှ နိုင်ငံ့ဝန်ထမ်းများ၏ အိမ်ရာများကိုကြည့်လျှင် တစ်ထပ်၊ နှစ်ထပ်၊ သုံးထပ်၊ လေးထပ်၊ ပုံစံတစ်ဆင်တည်းနှင့် အရောင်အသွေးက စုံလှသည်။ အခြေခံအကျဆုံး ဝန်ထမ်းမှစပြီး ဝန်ကြီးအဆင့်အထိရှိသည့် အရာထမ်းများအတွက် အဆင့်အလိုက် တိုက်အသစ်များရှိသည်။ လူပျို၊ အပျို၊ အိမ်ထောင်မရှိသူအတွက်လည်း ကျား၊ မ ခွဲခြား၍ အဆောက်အအုံများရှိသည်။ နိုင်ငံ့ဝန်ထမ်းဘဝ တစ်ခေတ်ဆန်းချိန်ဟု ဆိုရပေမည်။

ရန်ကုန်တွင် ဝန်ထမ်းအိမ်ရာပေးနိုင်သည့် ဌာနမှာ မများလှပါ။ ဝန်ထမ်းအများစုမှာ အိမ်ငှားနေကြရသည်။ အိမ်ငှားခမတတ်နိုင်၍ နယ်ကိုပြောင်းပေးပါဟု ပန်ကြားလာသူ အလယ်အလတ်အဆင့် အရာထမ်းတစ်ဦးကိုသွား၍ သတိရမိပါသည်။ ယခုနေပြည်တော်တွင် ၎င်းအရာထမ်းသည် နှစ်ခန်းတွဲသုံးထပ်တိုက်တွင် သက်သက်သာသာနှင့် အဆင့်အတန်းမီမီနေနိုင်ပေပြီ။

နေပြည်တော်တွင် လုပ်ငန်းခွင်နှင့် နေထိုင်ရေး အစီအမံ အခင်းအကျင်းကို ဝန်ထမ်းအများအပြား သိရှိပြီးဖြစ်၍ အကျယ်မချဲ့လိုတော့ပါ။ ပန်းသတင်းလေညင်းဆောင်ဆိုသလို ဝန်ထမ်းအချင်းချင်း သတင်းပြန့်ပြီးဖြစ်၍ အမြန်ပြောင်းရွှေ့ အခြေချရေး စိတ်အားထက်သန်နေကြပါသည်။ ကျောင်းနှင့် ၊ ဈေးနှင့်၊ ဆေးရုံနှင့် ပြည့်စုံသထက် ပြည့်စုံနေပါသည်။ မလိုတမာ စိတ်ထားနှင့် ချဲ့ကားဝေဖန်ကြသူများပင် လက်တွေ့အခြေအနေကို ငြင်းကွယ်၍ မရနိုင်သဖြင့် နှုတ်ဆိတ်နေကြရပြီဖြစ်သည်။

နိုင်ငံတော်က နိုင်ငံ့ဝန်ထမ်းများအတွက် ထားရှိသည့်စေတနာကို နိုင်ငံ့ဝန်ထမ်းများကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့ရှိခံစားရလျက်ရှိပါသည်။

မကြာမီက ပေါ်ပေါက်ခဲ့သော ဖြစ်ထွန်းမှုဖြစ်စဉ်နောက်တစ်ခုမှာ ဝန်ထမ်းလစာများ သိသိသာသာ တိုးမြှင့်ပေးခြင်း ဖြစ်ပါသည်။ တပ်မတော်အစိုးရ လက်ထက်တွင် နိုင်ငံ့ဝန်ထမ်းများ၏ လစာကို လေးကြိမ်တိုင် တိုးမြှင့်ပေးခဲ့သည်ကို အားလုံးအသိပင်ဖြစ် သည်။ အခြေအနေပေးသည်နှင့်အမျှ နိုင်ငံတော်က နိုင်ငံ့ဝန်ထမ်းများကို ကြည့်ရှုစောင့်ရှောက်လျက်ရှိသည်။

ယခုတစ်ကြိမ် တိုးမြှင့်ပေးသည့် နှုန်းထားမှာ များစွာထူးခြားလှသည်။ တပ်မတော်အစိုးရ လက်ထက်တွင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံး ဖော်ဆောင်နေသဖြင့် ပုဂ္ဂလိကကဏ္ဍအတွက် အခွင့်အလမ်းများ အများအပြား ပေါ်ပေါက်လာရသည်။ ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်း အများအပြား ပေါ်ပေါက် ဖြစ်ထွန်းလာသည်။ ပုဂ္ဂလိကကဏ္ဍ ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းများထက် သာလွန်များပြားသည့် လစာကို ခံစားခဲ့ကြရသည်။

ယခုတစ်ကြိမ် နိုင်ငံ့ဝန်ထမ်းများ တိုးမြှင့်ရရှိသည့် လစာမှာ ပုဂ္ဂလိကကဏ္ဍ ဝန်ထမ်းများထက်မနည်း၊ ဝန်ထမ်းအဆင့်နှင့် လျော်ညီစွာ ခံစားကြရသည်။ တိုးတက် ကောင်းမွန်ဖြစ်ထွန်းလာသော နိုင်ငံတော်၏ ရငွေ၊ ဝင်ငွေအခြေအနေ၏ အသီးအပွင့်ကို နိုင်ငံ့ဝန်ထမ်းများ ထိုက်ထိုက်တန်တန်ရရှိ ခံစားလာရခြင်းပင် ဖြစ်သည်။ ရေမြင့်၍ ကြာတင့်သည့် သဘောသဘာဝကို နိုင်ငံ့ ဝန်ထမ်းတိုင်း သဘောပေါက်သတိပြုသင့်ပေသည်။

ကုန်ထုတ်လုပ်မှုတိုးတက်ပြီး ပို့ကုန်တိုးမြှင့်နိုင်မှုမှ ရရှိလာသည့် အကျိုးအမြတ်များနှင့် နိုင်ငံတော်က ရသင့်သည့် အခွန်အခများ တိုးမြှင့်ရရှိလာသည်နှင့်အမျှ နိုင်ငံတော်၊ ပြည်သူနှင့် ဝန်ထမ်းများ ပိုမို၍အကျိုးခံစားကြရမည်။ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများကို တိုးတက်ဆောင်ရွက်နိုင်မည် ဖြစ်သည်။ ဆောင်ရွက်ဆဲ တည်ဆောက်ရေးလုပ်ငန်း ပမာဏကိုလည်း ပြည်သူအများ မျက်ဝါးထင်ထင် တွေ့မြင်နေရပါသည်။ ပြည်သူ့အကျိုးစီးပွား ဦးထိပ်ထားလျက် ဆောင်ရွက်ခဲ့သည့် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများသည် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး အစရှိသဖြင့် ကဏ္ဍအသီးသီးတွင် အစီအရီ ဖြစ်ထွန်းပေါ်ပေါက်လျက်ရှိရာ ၎င်းအကျိုးကျေးဇူးများကို ပြည်သူတို့နှင့်အတူ နိုင်ငံ့ဝန်ထမ်းများကလည်း ရရှိခံစားနေကြရပြီဖြစ်သည်။

တင်ပြခဲ့သည့် နိုင်ငံ့ဝန်ထမ်းများအတွက် တိုးတက်ဖြစ်ထွန်းမှုဖြစ်စဉ်နှစ်ရပ်မှာ လက်တွေ့သာဓကများ ဖြစ်ပါသည်။ **နိုင်ငံတော်က နိုင်ငံ့ဝန်ထမ်းအပါအဝင် ဖြစ်သော ပြည်သူလူထု၏ အကျိုးစီးပွားကို ဦးထိပ်ထားလျက် ဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ ယန္တရားများကို သွက်လက်ထက်မြက်စွာ လည်ပတ်နိုင်ရေးအတွက် တာဝန်ရှိသော နိုင်ငံ့ဝန်ထမ်းများကလည်း တာဝန်သိသိ၊ သစ္စာရှိရှိ၊ အရည်အချင်းပြည့်ဝစွာဖြင့် ကျရာတာဝန်များကို ဆတက်ထမ်းပိုး ဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။ သို့မှသာ နိုင်ငံတော်နှင့် ပြည်သူများအပေါ် တာဝန်ကျေပွန်ရာ၊ ကျေးဇူးတုံ့ပြန်ရာ ရောက်ပေမည်။**

နိုင်ငံ့ဝန်ထမ်းတိုင်းသည် အခြေခံအကျဆုံးဖြစ်သော **"ဝန်ထမ်းကျင့်ဝတ်"**စာစောင်ပါ ထမ်းဆောင်ရမည့် တာဝန်၊ စောင့်ထိန်းရမည့်ကျင့်ဝတ်နှင့် လိုက်နာရမည့် စည်းကမ်းများကို သိရှိ ထမ်းဆောင်၊စောင့်ထိန်း၊လိုက်နာကြရပါမည်။ တာဝန်ထမ်းဆောင်မှုအနေဖြင့် နိုင်ငံတော်၏အကျိုးအတွက် အချိန်ပြည့်အလုပ်လုပ်ရန် တာဝန်ရှိကြောင်း၊ မူလတာဝန်သာမက အခြားလိုအပ်သော တာဝန်များကိုလည်း နိုင်ငံတော်က ပေးအပ်လာလျှင် ဆောင်ရွက်ရန် တာဝန်ရှိကြောင်း၊ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရန်တာဝန်ရှိကြောင်း အစဉ်သတိပြုနေရမည်ဖြစ်ပါသည်။ စောင့်ထိန်းရမည့် ကျင့်ဝတ်များတွင် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရှိသေရန်၊ တည်ဆဲဥပဒေများကို လေးစားလိုက်နာရန်၊ ပြည်သူတို့၏ အကျိုးစီးပွားကို အလေးထား၍ ဆောင်ရွက်ရန်၊ တာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာနှင့် ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ရန် အစရှိသည့် ကျင့်ဝတ် (၁၅)ရပ်ကို စောင့်ထိန်းကြရပါမည်။ ဝန်ထမ်းများ လိုက်နာရမည့် စည်းကမ်းများနှင့် ပတ်သက်၍ အလုပ်ခွင်ဆိုင်ရာ၊ အလုပ်ချိန်ဆိုင်ရာ စည်းကမ်းများ၊ တာဝန်ထမ်းဆောင်မှုဆိုင်ရာစည်းကမ်းများ၊ ပြုမူဆက်ဆံရေးဆိုင်ရာ စည်းကမ်းများ အစရှိသဖြင့် စည်းကမ်း သတ်မှတ်ချက်များ ရှိပါသည်။အသေးစိတ်ဖော်ပြထားသော စည်းကမ်းများအနက် အလုပ်ချိန်အတွင်း မိမိ ရာထူးအဆင့်နှင့် လျော်ညီစွာ ဝတ်ဆင်ရေး၊ အလုပ်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရေး၊ မိမိလက်ဝယ် အလုပ်ကြွေးကျန်မရှိရေးမှအစပြု၍ တာဝန်အရ အပ်နှံထားသည့် လုပ်ပိုင်ခွင့်နှင့် ရာထူးအရှိန်အဝါကိုသုံးပြီး ကိုယ်ကျိုးရှာခြင်းမပြုရေးနှင့် လုံခြုံရေးဆိုင်ရာ စည်းကမ်းများကို အထူးသတိပြု လိုက်နာရေးတို့ ဖြစ်ပါသည်။ သတ်မှတ်ထားသည့် စည်းကမ်းများကို ဝန်ထမ်းတိုင်းက လိုက်နာကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်ယန္တရားကို သွက်လက်၊ ထက်မြက်၊ ချောမွေ့စွာ လည်ပတ်နိုင်စေရန် တာဝန်ယူ ဆောင်ရွက်ရသည့် နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းအချင်းချင်းသာမက ပြည်သူအများနှင့် အစဉ်ထိတွေ့ဆက်ဆံနေရပါသည်။ အများပြည်သူတို့နှင့် ထိတွေ့ဆက်ဆံနေရသည့် နိုင်ငံ့ဝန်ထမ်းများသည် ဝန်ထမ်းကျင့်ဝတ်စာစောင်ပါ ပြုမူဆက်ဆံမှုဆိုင်ရာ စည်းကမ်းများကို အလေးထားလိုက်နာကြရပါမည်။ မိမိထမ်းဆောင်ရသည့် တာဝန်နှင့် ဆက်စပ်၍ အကျိုးအမြတ်မရယူရေးကို စည်းကမ်းရပ်များအဖြစ် သတ်မှတ်ထားကြောင်း ကျေညက်စွာ သိရှိလိုက်နာကြရမည် ဖြစ်ပါသည်။

ပြည်သူအများနှင့် ထိတွေ့ဆက်ဆံနေရသည့် နိုင်ငံ့ဝန်ထမ်းများသည် ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးစလုံးကိုလည်း သတိထားစောင့်စည်းကြရပါမည်။ မြန်မာ့အဘိဓာန်တွင် ကိုယ်ကျင့်တရားဆိုသည်မှာ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါး၏ စောင့်စည်းမှုအကျင့်သိက္ခာဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ နိုင်ငံ့ဝန်ထမ်းတစ်ဦး၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်နေစိတ်ထားသည် လုပ်ငန်းဌာနကိုသာမက နိုင်ငံတော်အထိပင် ရောင်ပြန်ဟပ်နိုင်ကြောင်း သတိပြုသင့်ပေသည်။ အခြေခံပညာကျောင်းများမှစ၍ ဗဟိုဝန်ထမ်းတက္ကသိုလ်များအထိ သင်ကြားပေးနေသော ပြည်သူ့နီတိပို့ချချက်များသည် မြန်မာ့လူ့ဘောင်တွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေပါသည်။ နီတိဟူသည် လူမှုရေး နည်းပေးလမ်းညွှန်ဖြစ်ပါသည်။ လူ့ဘောင်အဖွဲ့အစည်း တစ်ရပ်တွင်ရှိနေသော လူသားတစ်ယောက် လိုက်နာစောင့်ထိန်းသင့်သော လူကျင့်ဝတ်ကိုလည်း အများနှင့် ဆက်ဆံနေရသည့် နိုင်ငံ့ဝန်ထမ်းများက ပိုမိုအလေးထား လိုက်နာကြရမည် ဖြစ်ပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ ကျေးဇူးကြောင့် နိုင်ငံ့ဝန်ထမ်းများအတွက် တိုးတက်ဖြစ်ထွန်းမှုများ ပေါ်ပေါက် လျက်ရှိရာ နိုင်ငံတော်၏ ကျေးဇူးတရားကို တုံ့ပြန်သည့်အနေဖြင့်လည်းကောင်း၊ ပြည်သူ့ဘဏ္ဍာမှ ရယူခံစားနေရခြင်းဖြစ်သည့်အတွက် ပြည်သူတို့၏ ကျေးဇူးကို တုံ့ပြန်သည့်အနေဖြင့်လည်းကောင်း၊ ကိုယ်ကျင့်သိက္ခာ ပြည့်ဝသော၊ ဝန်ထမ်းကျင့်ဝတ်နှင့် အညီ တာဝန်ထမ်းဆောင်သော၊ ကျင့်ဝတ်စောင့်ထိန်းပြီး စည်းကမ်းလိုက်နာသော နိုင်ငံ့ဝန်ထမ်းကောင်းများ အဖြစ် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွား ပိုမိုရရှိ ဖြစ်ထွန်းအောင် ကြိုးပမ်းထမ်းဆောင်သွားကြပါစို့ဟု နှိုးဆော်တိုက်တွန်း ရေးသားအပ်ပါသည်။ ။

(နိုင်ငံ့ဝန်ထမ်းဘဝ နှစ်ပတ်လည်နေ့အမှတ်တရ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၈-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၅။ မျိုးချစ်တပ်မတော်
၅:၁၀။ ၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသ သတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သံယောဇဉ်" (အပိုင်း-၉)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ **English Usage**
၁၉။ ဗွီစီဒီကျော်ကြားတေးများ
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ရွှေမင်းသမီး (အပိုင်း-၃)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ရိုးရာလွန်ဆွဲအားကစားပြိုင်ပွဲ ဆင်နွှဲနေသည်ကို ဩဂုတ် ၂၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး မူဝါဒရေးဆွဲရန် အကြံပေးကော်မတီနှစ်ရပ် ဖွဲ့စည်း

ပေကျင်း ဩဂုတ် ၂၁

တရုတ်နိုင်ငံတွင် ဗဟိုအစိုးရ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒများရေးဆွဲချမှတ်သည့် လုပ်ငန်းများတွင် ကူညီနိုင်ရန် အကြံပေးကော်မတီနှစ်ရပ်ကို ဖွဲ့စည်းထူထောင်လိုက်ကြောင်း တနင်္လာနေ့ဆင်ဟွာ သတင်းတွင် ဖော်ပြထားသည်။

နိုင်ငံ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအကြံပေးကော်မတီနှင့် နိုင်ငံ၏သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအုပ်ချုပ်ရေးအဖွဲ့ (အက်စ်အီးပီအေ) သိပ္ပံနှင့် နည်းပညာကော်မတီတို့ကို ထူထောင်နိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင် ၈၆ ဦးကို ရွေးချယ်လိုက်ကြောင်း အက်စ်အီးပီအေ အကြီးအကဲ ကျို့ရှန်ကျန်းက ဆင်ဟွာသတင်းဌာန၏ တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားသည်။

ကြုံတွေ့နေ

ယခုအချိန်တွင် တရုတ်နိုင်ငံသည် ပတ်ဝန်းကျင် ညစ်ညမ်းမှု ပြဿနာများနှင့် ကြုံတွေ့နေရကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး မူဝါဒရေးဆွဲရာတွင် ပညာရှင်များ၏ ဆန္ဒကိုရယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အကြံပေးပုဂ္ဂိုလ်များတွင် တရုတ်သိပ္ပံအကယ်ဒမီနှင့် အင်ဂျင်နီယာအကယ်ဒမီတို့မှ ပညာရှင် ၃၀ပါဝင်ပြီး အချို့မှာအက်စ်အီးပီအေမှ အငြိမ်းစားဝန်ထမ်းများ ဖြစ်ကြသည်။

အနာဂတ်ကာလတွင် အဓိကထားဆောင်ရွက်သွားမည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိစ္စရပ်များအားလုံးကို အဆိုပါ ကော်မတီများထံသို့ အက်စ်အီးပီအေကတင်ပြသွားမည်ဖြစ်ကြောင်း၊ သုတေသနပြုလုပ်ခြင်း၊ ကျွမ်းကျင်သူများ ဆွေးနွေးဆုံးဖြတ်ခြင်းတို့ဖြင့် မူဝါဒများကို ရေးဆွဲချမှတ်နိုင်မည်ဖြစ်ကြောင်း ကျို့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အကောင်းဆုံးသရုပ်ဆောင်သစ်ဆုရ ဟောင်ကောင် ရုပ်ရှင်မင်းသမီး အစ္စဘယ်လာလျောင်ကို ဩဂုတ် ၂၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နီပေါအလယ်ပိုင်းတွင် မိုးကြိုးပစ်မှုကြောင့် လေးဦးထက်မနည်းသေဆုံး

ခတ္တမန္ဒူ ဩဂုတ် ၂၁

နီပေါနိုင်ငံအလယ်ပိုင်း ဒါဒင်းခရိုင် ဘူမစ်တန်ကျေးရွာတွင် သောကြာနေ့ ညနေပိုင်းက မိုးကြိုးပစ်မှု ဖြစ်ပွားရာ လေးဦးထက်မနည်း သေဆုံးပြီး ၁၀ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ရမ်ရှရန်ချီ မိုရာက ဩဂုတ် ၁၉ရက်တွင် ပြောကြားသည်။

ဒေသစံတော်ချိန် ည ၇ နာရီဝန်းကျင်က ခတ္တမန္ဒူမြို့အနောက်ဘက် ကီလိုမီတာ ၅၀ အကွာရှိ ယင်းရွာကို မိုးကြိုးပစ်ခဲ့သည်။ ကျေးရွာရှိ အိမ်အချို့တို့မှာ မိုးကြိုးပစ်မှုကြောင့် အက်ကွဲကြောင်းများ ဖြစ်ပေါ်ခဲ့ကြောင်း ၎င်းက ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အင်ဒိုနီးရှား၌ ဇီဝလောင်စာထုတ်လုပ်ရောင်းချမှု ပိုမိုများပြားလာမည်ဟု မျှော်မှန်း

ဂျကာတာ ဩဂုတ် ၂၁

အင်ဒိုနီးရှားနိုင်ငံတွင် လာမည့်နှစ်၌ ဇီဝလောင်စာ ကီလိုလီတာ ၆ ဒသမ ၆သန်း ထုတ်လုပ်ရောင်းချနိုင်ရန် အစိုးရပိုင် ပါတာမီနာရေနံကုမ္ပဏီက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကီလိုလီတာ ၂ ဒသမ ၁သန်း

နိုင်ငံပိုင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကုမ္ပဏီဖြစ်သော ပီအယ်လ်အင်န်ကုမ္ပဏီသည် လာမည့်နှစ်တွင် အစားထိုးလောင်စာအဖြစ် ဇီဝလောင်စာဆီ ကီလိုလီတာပေါင်း ၂ ဒသမ ၁သန်း သုံးစွဲမည်ဟု မျှော်မှန်းထားကြောင်း ယင်းကုမ္ပဏီ၏ ဈေးကွက်ဒါရိုက်တာ အက်ချ်မက်ဒ်ဖာဇယ်လ်၏ ပြောကြားချက်ကို ကိုးကား၍ အန်တာရာသတင်းဌာနက ဖော်ပြသည်။

မျှော်မှန်းထား

အင်ဒိုနီးရှားတွင် ဇီဝလောင်စာကို ဒုတိယ အများဆုံးသုံးစွဲမည့်လုပ်ငန်းသည် စက်မှုလုပ်ငန်းကဏ္ဍ ဖြစ်လာပြီး ဇီဝဒီဇယ် ကီလိုလီတာ ၁ ဒသမ ၆၅ သန်းနှင့် ဇီဝလောင်စာ ပရီမီယံကီလိုလီတာ ၈၅၀၀၀၀ သုံးစွဲမည်ဟု မျှော်မှန်းထားသည်။

ရောင်းချ

အင်ဒိုနီးရှားအစိုးရသည် ၂၀၀၆ခုနှစ်တွင် ဇီဝလောင်စာဖွံ့ဖြိုးရေးအစီအစဉ်ကို ပါတာမီနာကုမ္ပဏီနှင့် စတင်အကောင်အထည်ဖော်လျက်ရှိသည်။ ပါနာမီတာကုမ္ပဏီသည် ဇီဝဒီဇယ်လုပ်ငန်းကို ဘိုင်အို ဆိုလာအမှတ်တံဆိပ်ဖြင့် ၂၀၀၆ ခုနှစ်မေ ၂၀ရက်မှစ၍ ဈေးကွက်တွင် ရောင်းချလျက်ရှိကြောင်း၊ ဘိုင်အို-အီသနောကို ဩဂုတ် ၁၂ ရက်မှစ၍ ဘိုင်အိုပရီမရမ် ကုန်အမှတ်တံဆိပ်ဖြင့် ရောင်းချနေပြီဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ပါတာမီနာကုမ္ပဏီသည် ၂၀၀၆ခုနှစ်ကုန်ပိုင်းတွင် ဇီဝလောင်စာ ကီလိုမီတာ ၁ ဒသမ ၁ သန်းကျော် ရောင်းချရန် စီစဉ်ထားသည်။ ရောင်းချမည့်လောင်စာများတွင်စက်ရုံသုံးဇီဝဒီဇယ်ကီလိုလီတာ ၄၀၀၀၀၀၊လျှပ်စစ်စွမ်းအင်သုံးဇီဝဒီဇယ် ကီလိုလီတာ ၃၅၀၀၀၀၊ ယာဉ်များတွင် သုံးသောဇီဝဒီဇယ်ကီလိုလီတာ၃၃၀၀၀၀ နှင့် ဇီဝအီသနောကီလိုလီတာ ၂၀၀၀၀ တို့ပါဝင်သည်။ ***အမ်အင်အေ၊ဆင်ဟွာ***

အိန္ဒိယ၌ ဝါးကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မည်

နယူးဒေလီ ဩဂုတ် ၂၁

အိန္ဒိယနိုင်ငံအနောက်မြောက်ပိုင်း မီဇိုရမ်ပြည်နယ်တွင် သဘာဝညစ်ညမ်းမှုကို သက်သာစေမည့် ဝါးကိုအသုံးပြုသည့် လျှပ်စစ်ဓာတ်အားပေး စက်ရုံကို တည်ဆောက်သွားမည် ဖြစ်ကြောင်း အင်ဒိုနီးရှား သတင်းဌာနက ဩဂုတ် ၂၁ ရက်တွင် ဖော်ပြသည်။

ထိုဝါးလောင်စာသုံး ဓာတ်အားပေးစက်ရုံကို မီဇိုရမ်ဒေသရှိ ကျေးရွာတစ်ရွာတွင် ရူပီး ၂၈ဒသမ ၅သန်း သို့မဟုတ် အမေရိကန် ဒေါ်လာ သုညဒသမ ၆၂ သန်း အကုန်အကျခံ၍ တည်ဆောက်သွားမည် ဖြစ်သည်။

စရိတ်သက်သာသော ထိုနည်းကို ဘင်္ဂလောရှိအိန္ဒိယသိပ္ပံဌာနနှင့် ပုဂ္ဂလိကလုပ်ငန်းတစ်ခုဖြစ်သော အန်လောသိပ္ပံစွမ်းအင်နည်းပညာလုပ်ငန်းတို့က ကြံဆခဲ့ကြခြင်းဖြစ်သည်ဟုဘင်ဂျမင်အယ်လ်၊ တမ်တီးက ပြောကြားသည်။ ၎င်းသည် မီဇိုရမ် စွမ်းအင်ဖွံ့ဖြိုးရေးအေဂျင်စီမှ ညွှန်ကြားရေးမှူးတစ်ဦးဖြစ်သည်။

ဝါးများကိုအစိမ်းအတိုင်းအသုံးပြုမည်မဟုတ်ဘဲပထမအခြောက်ခံပြီးမှဓာတ်ငွေ့လောင်စာအဖြစ်ပြောင်းယူမည်ဖြစ်သည်။ ယင်းနောက် ထိုဓာတ်ငွေ့လောင်စာကို သုံး၍ လျှပ်စစ်ဓာတ်အား ထုတ်ယူမည်ဖြစ်ကြောင်းသိရသည်။

မီဇိုရမ်ဒေသမှ ဝါးရယူနိုင်ရန်အတွက် မြေဧရိယာစတုရန်းမီတာ ၉၀၀၀တွင် ဝါးများစိုက်ပျိုးထားသည်။ ထိုဧရိယာမှ နှစ်စဉ်ဝါးတန်ချိန် ၃ဒသမ၂သန်း ထုတ်လုပ်ပေးသည်ဟုဆိုသည်။ အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံပြီးလျှင် ကမ္ဘာပေါ်၌ ဝါး ဒုတိယအများဆုံး ထုတ်လုပ်သောနိုင်ငံဖြစ်သည်။ အိန္ဒိယနိုင်ငံ၏အနောက်မြောက်ဒေသမှ နှစ်စဉ်ဝါးတန်ချိန် သန်း ၈၀ ကို ထုတ်လုပ်ပေးလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

စပိန်နိုင်ငံ ရိုးရာနွားရိုင်းလွှတ်ပွဲ ဆင်နွှဲနေသည်ကို ဩဂုတ် ၂၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



အီရတ်အန်ဘာပြည်နယ်တွင် ကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၂၁

အီရတ်နိုင်ငံ အနောက်ပိုင်း အန်ဘာပြည်နယ်တွင် ဩဂုတ် ၁၉ ရက်က ခုခံတိုက်ခိုက်ရေးသမားများ ၏ လက်ချက်ကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး စစ်ဆင်ရေးတာဝန် ထမ်းဆောင်စဉ် သေဆုံးကြောင်း အမေရိကန်တပ်ဖွဲ့က ထုတ်ပြန်ကြေညာသည်။ သေဆုံးသွားသော တပ်ဖွဲ့ဝင်မှာ အမှတ်-၁ တပ်မဟာ အမှတ်-၁ယန္တရားတပ်ခွဲမှ တပ်ဖွဲ့ဝင် တစ်ဦးဖြစ်သည်။

အီရတ်နိုင်ငံ အန်ဘာပြည်နယ်တွင် ယခုလအတွင်း အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၂၈ ဦး သေဆုံးခဲ့ရပြီ ဖြစ်သည်။ ၂၀၀၃ ခုနှစ် မတ်လက အမေရိကန်ဦးဆောင်သော စစ်ပွဲစတင်ချိန်မှစ၍ ယခုအချိန်အထိ အီရတ်တွင် သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်ပေါင်းမှာ ၂၆၀၅ ဦး ထက်မနည်းရှိကြောင်း၊ သေဆုံးသူအများစုမှာ တိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း သတင်းဌာနက ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တောင်ဝင်ရိုးစွန်းတွင် အင်အားပြင်းငလျင်လှုပ်

တိုကျို ဩဂုတ် ၂၁

တောင်ဝင်ရိုးစွန်းတွင် ဩဂုတ် ၂၀ ရက် မွန်းတည့်ချိန်က ပြင်းအား ရစ်ချ်တာစကေး ၇ ဒသမ ၂ ရှိ အင်အားပြင်း ငလျင်လှုပ်သွားကြောင်း ဂျပန်မိုးလေဝသဌာနက သတင်းထုတ်ပြန်သည်။

တိုကျိုစံတော်ချိန် မွန်းလွဲ ၁၂နာရီ ၄၁မိနစ် (ဂရင်းနစ်စံတော်ချိန် ၀၃နာရီ ၄၁မိနစ်)က ငလျင်လှုပ်ခတ်ခဲ့သည်။ တောင်လတ္တီတွဒ် ၆၁ဒီဂရီနှင့် အနောက်လောင်ဂျီတွဒ် ၃၄ ဒသမ ၅ ဒီဂရီကြားကို ဗဟိုပြု၍ ငလျင်လှုပ်သွားကြောင်း မိုးလေဝသဌာနက ထုတ်ပြန်ချက်အရ သိရှိရသည်။

လှုပ်ခတ်သွားသောငလျင်၏ပြင်းအားကြောင့် ကမ်းဦးရေတိမ်ပိုင်းတွင် ဆူနာမီလှိုင်းများဖြစ်ပေါ်လာနိုင်ကြောင်းအဆိုပါဌာနက ပြောကြားသည်။ ငလျင်ကြောင့် ဂျပန်တွင် ဆူနာမီလှိုင်း ဖြစ်ပွားမှု စိုးရိမ်ဖွယ် အနေအထားမရှိကြောင်း ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပန်ဂျပ်ပြည်နယ် ရေဘေးဒုက္ခသည်များအတွက် ရူပီး ၁၈ ဒသမ ၂ သန်း ထောက်ပံ့ပေးမည်

အစ္စလမ္မာဘတ် ဩဂုတ် ၂၂

ပါကစ္စတန်အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်၌ ရေဘေးဒုက္ခသည်များ ပြန်လည်ထူထောင်ရေးအတွက် ငွေကြေးထောက်ပံ့ငွေ ပါကစ္စတန်ရူပီး ၁၈ ဒသမ ၂ သန်း ခွင့်ပြုလိုက်ကြောင်း နိုင်ငံပိုင် အေပီပီသတင်းဌာနက တနင်္ဂနွေနေ့တွင် ထုတ်ပြန်သည်။

ရေဘေးဒုက္ခသည်တစ်ဦး၏ လုံးဝပျက်စီးသွားသည့်အိမ်အတွက် ရူပီး ၂၅၀၀၀၊ တစ်စိတ်တစ်ပိုင်းပျက်စီးသွားသည့်အိမ်အတွက် ရူပီး ၁၀၀၀၀နှင့် ဆုံးရှုံးသွားသည့် ကျွဲနွားတစ်ကောင်အတွက် ရူပီး ၂၀၀၀၀ ထောက်ပံ့မည်ဖြစ်ကြောင်း ပန်ဂျပ်ပြည်နယ် မြို့တော်လာဟိုး၌ စနေနေ့တွင်ကျင်းပသည့် အစည်းအဝေးဆုံးဖြတ်ချက်ကို ကိုးကားလျက် အေပီပီသတင်းဌာနက ဖော်ပြသည်။

ရေလွှမ်းမိုးမှုကြောင့် စိုက်ပျိုးသီးနှံ ၅၀ ရာခိုင်နှုန်းကျော် ပျက်စီးသွားသည့် ဒေသများကို ကပ်ဘေးကျရောက်သည့်ဒေသများအဖြစ် ကြေညာမည်ဖြစ်ပြီး အစိုးရအခွန်၊အကောက်များ လျှော်ပစ်မည်ဖြစ်ကြောင်း သတင်းဌာနက ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အိန္ဒိယနိုင်ငံ အနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်တွင် ရေဘေးဒုက္ခ ရောက်နေသူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနေသည်ကို ဩဂုတ် ၂၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံတကာ စွန့်လွှတ်ပွဲတော် ဂျကာတာတွင် ကျင်းပ

ဂျကာတာ ဩဂုတ် ၂၁

အင်ဒိုနီးရှားနိုင်ငံ၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအဖြစ် ဂျကာတာမြို့ မြောက်ဘက် အန်ကော အပန်းဖြေကမ်းခြေတွင် နိုင်ငံတကာ စွန့်လွှတ်ပွဲ တော်ကို ဩဂုတ် ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ အင်ဒိုနီးရှားနိုင်ငံ၏ ၂၀၀၆ ခုနှစ် နိုင်ငံတကာ စွန့်လွှတ်ပွဲတော်ကို ဂျကာတာ ခရီးသွားလာရေးလုပ်ငန်းနှင့် လီဂွန်စွန့်လုပ်ငန်းအဖွဲ့တို့က ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ အဆိုပါ စွန့်လွှတ်ပွဲတော်၏ဆောင်ပုဒ်မှာ "ကမ္ဘာတစ်ဝန်းကောင်းကင်တစ်ခွင်"ဖြစ်ပြီး နိုင်ငံခြားသားများနှင့် ပြည်တွင်းမှ လူပေါင်း ၁၀၀ ကျော်တို့က ပါဝင်ဆင်နွှဲကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပီရူးစစ်လေယာဉ် ဘရာဇီး၌ပျက်ကျ၊ လေယာဉ်မှူးနှစ်ဦးသေဆုံး

လီမာ ဩဂုတ် ၂၁

ဘရာဇီးနိုင်ငံ ပေါ်တိုဗီဟိုမြို့၌ တနင်္ဂနွေနေ့က ပီရူးနိုင်ငံမှ လေယာဉ်တစ်စင်း ပျက်ကျရာ လေယာဉ်မှူးနှစ်ဦး သေဆုံးသွားကြောင်း၊ အဆိုပါ လေယာဉ်မှာ ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် နိုင်ငံစုံစစ်ရေးလေ့ကျင့်မှုအတွက် ပြင်ဆင်နေစဉ် ပျက်ကျခြင်းဖြစ်ကြောင်း ပီရူးနိုင်ငံကာကွယ်ရေး ဝန်ကြီးဌာနက ကြေညာသည်။

ပီရူးလေတပ်မှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၅၅ မိနစ် (ဂရင်းနစ်စံတော်ချိန် ၁၄၅၅ နာရီ)တွင် လေယာဉ် ပျက်ကျခဲ့ကြောင်း၊ ပေါ်တိုဗီဟိုမြို့ရှိ စစ်ဘက်ဆိုင်ရာ လေတပ်စခန်းတစ်ခုမှ ပျံတက်စဉ် လေယာဉ်ပြေးလမ်းအဆုံးရှိ အကာအရံ နံရံတစ်ခုနှင့် တိုက်မိကြောင်း သိရှိရသည်။

လေယာဉ်ပျက်သွားပြီးနောက် ယင်းကိစ္စကို စုံစမ်းစစ်ဆေးရန် ဘရာဇီးလေတပ်က လေဆိပ်ဥပစာကို ချက်ချင်းပိတ်ပစ်လိုက်သည်။ စက်ချွတ်ယွင်းမှုကြောင့် လေယာဉ်ပျက်ရခြင်းဖြစ်သည်ဟု တာဝန်ရှိသူများက ကနဦးယူဆလျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ အလယ်ပိုင်း ဟီနန်ပြည်နယ်ရှိ သချိုင်းဂူကို အများပြည်သူကြည့်ရှုရန် ခွင့်ပြုထားသည်ကို ဩဂုတ် ၁၉ ရက် က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဗင်နီဇွဲလား၌ နှလုံးရောဂါကု ကလေးဆေးရုံကြီးဖွင့်လှစ်

ကာရာကတ်စ် ဩဂုတ် ၂၁

ဗင်နီဇွဲလားနိုင်ငံ သမ္မတ ဟူဂိုချာဗက်ဇ်သည် လက်တင်အမေရိကဒေသ၌ အကြီးဆုံးဖြစ်သည့် နှလုံးရောဂါကု ကလေးဆေးရုံကြီးကို တနင်္ဂနွေနေ့တွင် ဖွင့်လှစ်ပေးလိုက်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ယခုအခါ ဗင်နီဇွဲလားနိုင်ငံတွင် နှလုံးရောဂါ ကုသရန်နှင့် မွေးရာပါ နှလုံးချွတ်ယွင်းချက်များကို ခွဲစိတ်ကုသရန် လိုအပ်သည့် အထောက်အပံ့ပစ္စည်းပစ္စယများ ရရှိလာပြီဖြစ်၍ ဝမ်းသာအားရမိကြောင်း ချာဗက်ဇ်က ပြောကြားသည်။ ဗင်နီဇွဲလားနိုင်ငံတွင် မွေးကင်းစကလေး ၁၀၀၀ လျှင် ကလေးနှစ်ဦးမှာ မွေးရာပါ နှလုံးရောဂါ ဖြစ်ပွားလျက်ရှိသည်။

အဆိုပါဆေးရုံကြီးတွင် တစ်နှစ်လျှင် အပြင်လူနာ ၈၀၀၀၀ ကို ကုသပေးနိုင်မည်ဖြစ်ကြောင်း၊ နောင်အခါ တွင် လက်တင်အမေရိကဒေသတစ်ဝန်းရှိ လူနာများကို စောင့်ရှောက်မှုပေးရန် စီစဉ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ယင်းဆေးရုံကြီးမှာ စတုရန်းမီတာ ၅၀၀၀၀ ကျယ်ဝန်းပြီး ခွဲစိတ်ခန်းလေးခန်း၊ ရိုးရိုးလူနာ ခုတင် ၁၄၂ လုံး၊ အထူးကြပ်မတ်ကု လူနာခုတင် ၃၃ လုံး၊ မွေးကင်းစများအတွက် အထူးကြပ်မတ် ဆေးကုသဆောင်တစ်ခု၊ ဆေးဝါးဖော်စပ်ရေးဌာန တစ်ခုနှင့် ရောဂါရှာဖွေစိစစ်ရေး ဓာတ်ခွဲခန်းတစ်ခုတို့ ပါဝင်သည်။ တစ်နှစ်လျှင် ခွဲစိတ်မှု ၁၅၀၀ နီးပါး ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ဆေးရုံဆောက်လုပ်ရာတွင် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၀၇ သန်း ရှိပြီး ဆေးရုံသုံး ဆက်စပ်ပစ္စည်းများ တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၂၃ ဒသမ ၂ သန်းရှိသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဘီလာရုစ်နိုင်ငံ မင့်မြို့၌ ပြုလုပ်သော ကလေးများ၏ လက်မှုပညာ အစွမ်းပြပွဲတွင် ကလေးငယ်တစ်ဦး ပါဝင်ယှဉ်ပြိုင်နေသည်ကို ဩဂုတ် ၂၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရှေးဟောင်းအုတ်ဂူအတွင်းမှ တိရစ္ဆာန်အရိုးစုများတွေ့ရှိ သေဆုံးသူနှင့်အတူ တိရစ္ဆာန်များပါ မြှုပ်နှံခဲ့ဟုယူဆ

ဝူဟာန် ဩဂုတ် ၂၁

တရုတ်လူမျိုး သုတေသနပညာရှင်များသည် နှစ်ပေါင်း ၁၇၀၀ သက်တမ်းရှိ အုတ်ဂူတစ်ခုအတွင်း တိရစ္ဆာန်ခြောက်ကောင်၏ အရိုးစုများကို တူးဖော်တွေ့ရှိခဲ့ကြောင်း၊ သချိုင်းအုတ်ဂူအတွင်း သေဆုံးသူနှင့်အတူ အဖော်အဖြစ်ထားရန် တိရစ္ဆာန်အရှင်များကိုပါရော၍ မြှုပ်နှံခဲ့ကြသည်ဟု ယူဆရကြောင်း တနင်္ဂနွေနေ့ ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

တရုတ်နိုင်ငံ ဟူဘေးခရိုင် အလယ်ပိုင်း မြစ်ကျဉ်းသုံးသွယ် ရေကာတာတည်ရှိရာ ဒေသ၌ သချိုင်းဂူအတွင်း ခွေး၊ ဝက်၊ သိုး၊ ကျွဲနှင့်သမင်တစ်ကောင်စီ၏ အရိုးစုများကို တူးဖော်တွေ့ရှိကြသည်။

ကြောင်အရိုးစု

အရိုးစုတစ်စုသည် အိမ်မွေးကြောင်တစ်ကောင်ဖြစ်နိုင်သည်ဟု မိမိတို့ပြောနိုင်ကြောင်း ယီဘင့်ပြတိုက်မှ သုတေသနပညာရှင် ဝူအင်ကျို့က ပြောကြားသည်။ ယင်းကြောင်သည် အရွယ်ရောက်ပြီးဖြစ်သော ကြောင်တစ်ကောင်ဖြစ်ပြီး ၎င်း၏အရိုးစုကို ခြေရာလက်ရာမပျက် တွေ့ရသည်။ သချိုင်းဂူ၏ပိုင်ရှင် မည်သူဖြစ်သည်ကို ထပ်လေ့လာမည်ဖြစ်ပြီး အခြားတိရစ္ဆာန်ငါးကောင်မှာ အိမ်မွေးတိရစ္ဆာန်သို့မဟုတ် တောတွင်းမှဖမ်းဆီးခေါ်ဆောင်လာခဲ့သော တိရစ္ဆာန် ဟုတ်၊ မဟုတ် စူးစမ်းလေ့လာမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

မြို့တော် ဘူဒါပက်တွင် မုန်တိုင်းတိုက် နှစ်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရ

ဘူဒါပက် ဩဂုတ် ၂၁

ဟန်ဂေရီနိုင်ငံ၏ အမျိုးသားနေ့အခမ်းအနားကို မြို့တော်ဘူဒါပက်တွင် ဩဂုတ် ၂၀ ရက်က ကျင်းပချိန်အတွင်း အင်အားပြင်းသော မုန်တိုင်းတိုက်ခတ်မှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး လူအများအပြားဒဏ်ရာရရှိကြောင်း အရေးပေါ်လုပ်ငန်းများဌာနက ကြေညာသည်။

မီးရှူးမီးပန်းပစ်လွှတ်မှုကို စောင့်ကြည့်ရန် လူအမြောက်အမြား စုရုံးရောက်ရှိနေစဉ် မိုးသက်မုန်တိုင်း ကျရောက်ပြီး လျှပ်စီးမိုးကြိုးများ ဖြစ်ပေါ်ခဲ့ရာ မြစ်ကမ်းပါးတစ်လျှောက်နှင့် ဒင်ညုမြစ်ကူးတံတားများပေါ်မှဖြစ်ကာ လူအများထွက်ပြေးကြသည်ဟု ကိုယ်တွေ့ကြုံသူများက ပြောကြားသည်။ ဒင်ညုမြစ်တွင် မော်တော်ဘုတ်နှစ်စင်း တိုက်မိပြီးနောက် တစ်ဦးမှာ ပျောက်ဆုံးနေကြောင်း အရေးပေါ် ကယ်ဆယ်ရေးဝန်ထမ်းများ၏ ပြောကြားချက်ကို အမ်တီအိုင်သတင်းဌာနက ဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

(၁၄)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ် သူရမောင်သိန်း ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား မင်္ဂလာဒုံလေတပ် စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဇင်ယော်က အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ဒုတိယလေတပ် စခန်းဌာနချုပ်မှူး၊ အုပ်မှူး၊ တပ်မှူး၊ ဌာနမှူးများ၊ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်၊ တပ်မတော် (လေ)၊ ရဲတပ်ဖွဲ့နှင့် မြို့တော်စည်ပင်တို့မှ ဒိုင်လူကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အဆိုပါပြိုင်ပွဲကို ဩဂုတ် ၂၅ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အမှိုက်၊ ခြင်၊ ဆေးလိပ်ကင်းစင်သောကျောင်း သတ်မှတ်ခြင်းအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကကြီးမှူး၍ ကလေးများအတွက် ကျန်းမာသော ပတ်ဝန်းကျင်နှင့် အမှိုက်၊ ခြင်၊ ဆေးလိပ်ကင်းစင်သောကျောင်းသတ်မှတ်ခြင်း၊ သက်ကြီးဘိုးဘွားများအား ထောက်ပံ့ခြင်းနှင့် ကလေးများအား အာဟာရကျွေးမွေးခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၆ နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်အုံးသန်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက အမှိုက်ကင်းစင်၊ ခြင်ကင်းစင်နှင့် ဆေးလိပ်ကင်းစင်ကျောင်း ဆိုင်းဘုတ်များကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကျောင်းဝင်းအတွင်း အမှတ်တရသစ်ပင်စိုက်ပျိုးပေးသည်။

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့် ဧည့်သည်တော်များသည် ကျောင်းဝင်းအတွင်း ကျောင်းကျန်းမာရေး လုပ်ငန်းဆောင်ရွက်နေမှုနှင့် ကျောင်းကျန်းမာရေးပြခန်းအတွင်း ကျန်းမာရေးဆိုင်ရာ စာအုပ်စာတမ်းများ၊ နံရံကပ်ပိုစတာနှင့် ဓာတ်ပုံမှတ်တမ်းများ၊ ကျောင်းသားကျောင်းသူလေးများ၏ ကျန်းမာရေး အသိပညာ နားလည်မှုစွမ်းရည်ပြသမှု၊ သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးနေမှုနှင့် အသက်(၆)လမှ (၃) နှစ်အထိ ကလေးငယ်များအား အာဟာရကျွေးမွေးနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို ကျောင်းခန်းမ၌ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကလေးများအတွက် ကျန်းမာသော ပတ်ဝန်းကျင်ဖြစ်စေရေး ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းကျန်းမာရေး လုပ်ငန်းများအတွက် ဦးဝင်းသိန်း–ဒေါ်တင်တင်လှ (ဖွံ့ဖြိုးအောင် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)နှင့် သီရိသုဓမ္မမဏိဇောတဓရ ဦးနေဝင်းထွန်း–ဒေါ်နန်းအေးအေးမြင့် (ပတ္တမြားနဂါး၊ ကျောက်စိမ်းနဂါး ကုမ္ပဏီလီမိတက်) တို့က ငွေကျပ်ငါးသိန်းစီ၊ (ဦးသိန်းမောင်)–ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု)က ငွေကျပ် ၂၀၃၀၀၀၊ ရန်ကင်းမြို့နယ် ဆီလုပ်ငန်းရှင်များအဖွဲ့နှင့် အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးကျော်မင်းတို့က ငွေကျပ် ၁၄၀၀၀၀ စီတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးကလက်ခံသည်။

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့က ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌများအား သန့်ရှင်းရေးလုပ်ငန်းသုံးပစ္စည်းများကိုပေးအပ်သည်။

ထို့နောက် ရန်ကင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မိမိခင်က ရာသက်ပန် အသင်းဝင်အဆိုပြုလွှာများကို ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်သည်။

(သတင်းစဉ်)

စက်ခလုတ်နှိပ် ဖွင့်လှစ်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ရန်ကင်းမြို့နယ် ကလေးများအတွက် ကျန်းမာသော ပတ်ဝန်းကျင်နှင့် အမှိုက်၊ ခြင်၊ ဆေးလိပ်ကင်းစင်ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်အတွက် ကွန်ပျူတာနှစ်စုံအား ပါမောက္ခချုပ် ဒေါက်တာဘမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (၁၉)

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်) အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယနေ့မွန်းလွဲ ၁ နာရီတွင် သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းရှိ ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)၌ကျင်းပသော ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းနှင့် အလုပ်အမှုဆောင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဘမြင့်နှင့် ပါမောက္ခ၊ ဌာနမှူးများ၊ ကထိကများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းသည့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်အတွက် ဘုရားခန်းကြမ်းခင်းခုံ၊ ကွန်ပျူတာနှစ်စုံနှင့် ဂျိုးဖြူရေပိုက် ဆက်သွယ်ပေးခြင်းဆိုင်ရာ စာရွက်စာတမ်းများကို ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က ပေးအပ်လှူဒါန်းရာ ပါမောက္ခချုပ်က လက်ခံရယူသည်။

ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်ထံသို့ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ဆရာ၊ ဆရာမများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာ ၁၃၁ စောင်၊ ကျောင်းသားများ၏ အသင်းဝင်အဆိုပြုလွှာ ၁၈၄ စောင်၊ ကျောင်းသူများ၏ အသင်းဝင် အဆိုပြု လွှာ ၂၂၅ စောင်ကို ပါမောက္ခချုပ်နှင့် ကျောင်းသားများကိုယ်စား မောင်ဝေလင်းအောင်၊ ကျောင်းသူများကိုယ်စား မသင်းသဇင်တို့က ပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်သည် တာဝန်ရှိသူများနှင့်အတူ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၌ ပြင်ပလူနာများအား လက်တွေ့ကုသနေမှုကို လိုက်လံကြည့်ရှုခဲ့သည်။ (၁၉)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၅၁)လမ်းနေ ဒေါက်တာတင်ဦး–ဒေါ်တင်တင်အေး မိသားစုက သမီး စပယ်ဦး၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ငွေကျပ် ၁၀၀၀၀၀ ကို စာရင်းစစ် ဦးစန်မင်းထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)



ဩဂုတ် ၁၇ ရက်က လှိုင်မြို့နယ် အမှတ်(၁၉) အခြေခံပညာမူလတန်းကျောင်း ကျောင်းကျန်းမာရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူဝင်းနှင့် မြို့နယ်ကျန်းမာရေးအဖွဲ့မှ ဆရာမများက ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။

(က–ပ)

ဗြိတိသျှသံရုံးနှင့် အမေရိကန်သံရုံးတို့မှ NLD ဌာနချုပ်သို့ အမြဲဝင်ထွက်သွားလာနေ NLD သည် ပြည်ပအားကိုးပြီး ပြည်ပသြဇာခံ၊ ပြည်ပနောက်လိုက်ဖြစ်နေ

ရန်ကုန် ဩဂုတ် ၂၂

မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီးအဖြစ် မကြာမီရက်ပိုင်းအတွင်းက ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်တာဝန်ထမ်းဆောင်ခဲ့သော ဗြိတိန်သံအမတ်ကြီး မစ္စတာမာ့(ခ်)ကန်းနင်းသည် ၎င်းသံရုံးမှ သံအရာရှိ အမျိုးသမီးတစ်ဦးနှင့်အတူ ယာဉ်အမှတ် သံ(၂/၁)ဖြင့် ဩဂုတ် ၂၁ရက် မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ရှိ NLD ဌာနချုပ်သို့ရောက်ရှိလာပြီး NLD ဥက္ကဋ္ဌ ဦးအောင်ရွှေ၊ အတွင်းရေးမှူး ဦးလွင်၊ ဗဟိုအလုပ်အမှုဆောင်များနှင့် တစ်နာရီခန့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

ရန်ကုန်မြို့ရှိ ဗြိတိသျှသံရုံးမှ သံတမန်များနှင့် ဝန်ထမ်းများသည် NLD ဌာနချုပ်သို့ ဥဒဟိုဝင်ထွက်သွားလာလျက်ရှိပြီး စာများပေးပို့ခြင်း၊ တွေ့ဆုံဆွေးနွေးညွှန်ကြားချက်ပေးခြင်းများ ပြုလုပ်လျက်ရှိရာ ၂၀၀၆ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ အကြိမ် (၃၀)ခန့်ရှိခဲ့သည်။

ထို့အတူ အမေရိကန်သံရုံးမှ သံတမန်များနှင့် ဝန်ထမ်းများလည်း NLDဌာနချုပ်သို့ နေ့စဉ်လိုလိုဝင်ထွက်သွားလာပြီး စာများပေးပို့ခြင်း၊တွေ့ဆုံဆွေးနွေးခြင်းများ ပြုလုပ်လျက်ရှိရာ ၂၀၀၆ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ အကြိမ်(၁၃၀)

အမေရိကန်သံရုံး ပြန်ကြားရေးဌာနမှ ဝန်ထမ်း ဒေါ်ရွှေစင်ညွှန့်နှင့် အမေရိကန်သံရုံးမှ အမျိုးသမီးတစ်ဦးတို့ ဩဂုတ် ၄ရက်က NLD ဌာနချုပ်သို့ ဝင်/ထွက် ရောက်ရှိမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ကျော် ရှိခဲ့သည်။ အမေရိကန်သံရုံးမှ သံတမန်များ NLD ဌာနချုပ်သို့ ဝင်ထွက်သွားလာရာတွင် အမေရိကန်သံရုံး ပြန်ကြားရေးဌာနမှ ဝန်ထမ်း ဒေါ်ရွှေစင်ညွှန့်လည်း အမြဲတမ်းလိုက်ပါလာလေ့ရှိသည်။ ထို့ပြင် ဒေါ်ရွှေစင်ညွှန့်ကိုယ်တိုင်လည်း NLD ဌာနချုပ်သို့ အမေရိကန်သံရုံးမှ ယာဉ်ဖြင့် ၎င်းတစ်ဦးတည်း အကြိမ်ကြိမ် ဝင်ထွက်သွားလာပြီး သံရုံးမှ ညွှန်ကြားချက်များ၊ NLD ၏တင်ပြချက်များကို ကြားခံဖလှယ် ဆက်သွယ်ပေးပို့လျက်ရှိကြောင်း သတင်းများ ရရှိသည်။

ဒေါ်ရွှေစင်ညွှန့်သည် ဦးဖေညွှန့်၊ ဒေါ်မေခင်ချောတို့၏ သမီးဖြစ်ပြီး ယခုအခါ အသက် (၃၇)နှစ်ရှိကာ ဗုဒ္ဓဘာသာဝင် ဗမာအမျိုးသမီး အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။ ၁၉၈၉ခုနှစ်တွင် စီးပွားရေးတက္ကသိုလ်မှ ဒုတိယနှစ်ဖြင့် ကျောင်းထွက်ပြီး ပြင်သစ်သံရုံး ယဉ်ကျေးမှုဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၃-၁၂-၂၀၀၅ရက်နေ့မှစ၍ အမေရိကန်သံရုံး ပြန်ကြားရေးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ (၂)လမ်း၊ အမှတ်(၄)တွင်နေထိုင်လျက်ရှိကြောင်း သိရသည်။



မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး မစ္စတာမာ့(ခ်)ကန်းနင်းနှင့် သံအရာရှိ အမျိုးသမီးတစ်ဦးတို့ ဩဂုတ် ၂၁ရက်က NLD ဌာနချုပ်သို့ ဝင်/ထွက် ရောက်ရှိမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ယင်းကဲ့သို့ အမေရိကန်သံရုံးနှင့် ဗြိတိသျှသံရုံးတို့မှ သံတမန်များနှင့် သံရုံးဝန်ထမ်းများက သံတမန်ကျင့်ဝတ်ချိုးဖောက်ပြီး NLD ဌာနချုပ်သို့ ဝင်ထွက်ဆွေးနွေး ညွှန်ကြားချက်များပေးနေခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြည်တွင်းနိုင်ငံရေးပါတီတစ်ခုဖြစ်သော NLD ကလည်း ပြည်ပသံရုံးများနှင့် မလျော်မကန် ဆက်ဆံနေခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း တာဝန်သိ စာနယ်ဇင်းသမားများက ပြည်သူတို့၏ သဘောထားအမြင်ကိုထင်ဟပ်၍ စာနယ်ဇင်းများတွင် သတင်းဆောင်းပါး၊ ကာတွန်းများ ရေးသားဖော်ပြပြီး ဝေဖန်ထောက်ပြနေကြသည်ကိုလည်း တွေ့ရှိရသည်။

ယင်းကဲ့သို့ NLD ဌာနချုပ်သို့ အမေရိကန်သံရုံးနှင့် ဗြိတိသျှသံရုံးတို့မှ သံတမန်များ ဝင်ထွက်သွားလာနေခြင်း၊ NLD ဗဟိုအလုပ်အမှုဆောင်များနှင့် ထိုသံတမန်များ လက်ဝါးချင်းရိုက် တွေ့ဆုံဆွေးနွေး ညွှန်ကြားချက်များ ပေးနေခြင်း သတင်းမြင်ကွင်းများကို မြင်တွေ့ကြားသိနေရသူများကလည်း NLD သည် ပြည်ပသြဇာခံ ပါတီ၊ အနောက်အင်အားကြီးအုပ်စု၏ ကြိုးဆွဲရာကနေရသည့် ပါတီ၊ ၎င်းတို့ ဖြတ်လမ်းမှ အာဏာရရှိရေးအတွက် တိုင်းပြည်ကို လက်ညှိုးထိုးရောင်းစားနေသည့် ပါတီဟု ဝေဖန်သုံးသပ်လျက်ရှိကြောင်း သတင်းများရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၈-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၀၅ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၁၅ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၈။ ဘော်ဘင်ရေလှော်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၅ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၅:၀၀ ၅။ အကပြိုင်ပွဲ
- ၅:၁၀ ၆။ သီချင်းကြီးပဒေသာ
- ၅:၂၅ ၇။ မြန်မာစာ၊မြန်မာစကား
- ၅:၄၀ ၈။ **“မနိုင်သောအရှုံး” (ဟက်ကက်၊ဇင်ရဲထက်၊ ခိုင်သင်းကြည်) (ဒါရိုက်တာ–အေဝမ်းမောင်လှမျိုး)**
- ၅:၅၀ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇:၀၅ ၁၃။ **“မင်းမသိသေးပါဘူးကွာ” (ရောဇ်၊ငှက်ပျောကြော်၊ချစ်စရာ၊ ကြူကြူသင်း၊အေးအေးခိုင်) (ဒါရိုက်တာ–ဆွေဇင်ထိုက်)**
- ၇:၁၀ ၁၄။ နောင်ရေး စိတ်အေးစေရာ ကျိုင်းတုံမြို့က ဘိုးဘွားရိပ်သာ
- ၇:၂၅ ၁၅။ အတီးပြိုင်ပွဲ
- ၇:၃၅ ၁၆။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၇:၄၅ ၁၇။ ၂၀၀၆ခုနှစ်(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား)
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **မြန်မာရုပ်ရှင် “ပန်းတွေနဲ့ဝေ” (ညွှန့်ဝင်း၊အောင်လွင်၊ခင်ယုမေ) (ဒါရိုက်တာ–မောင်ဝဏ္ဏ)**
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

မျိုးသုဉ်းမည့်အန္တရာယ်ရှိနေသော ပင်လယ်ရေနွား

ဝါးဝစ်(ရိုဒီကျွန်း) ဩဂုတ် ၂၂

မျိုးသုဉ်းမည့်အန္တရာယ် ရင်ဆိုင်နေရသော ပင်လယ်ရေနွားတစ်ကောင်ကို အဏ္ဏဝါဗေဒ သိပ္ပံပညာရှင်များသည် ဩဂုတ် ၂၁ရက်က အမေရိကန်နိုင်ငံ ရိုဒီကျွန်းအနီးတွင် တွေ့ရှိခဲ့ကြရသည်။

ပင်လယ်ရေနွားကို အင်္ဂလိပ်အခေါ်အဝေါ်အားဖြင့် မနာတီး (manatee)ဟုခေါ်သည်။ ထိုသတ္တဝါများသည် ပူနွေးသောရေပြင်၌ အနေများသော သတ္တဝါများဖြစ်သောကြောင့် များသောအားဖြင့် ဖလော်ရီဒါကမ်းခြေနှင့် ကာရိုလိုင်းနားကမ်းခြေဒေသများတွင် အနေများသည်။ ပင်လယ်ရေပူနွေးမှုကြောင့် ယခုအခါ ယခင်ကတွေ့ရလေ့မရှိသော ရေပြင်တွင်ပါ ရေနွားကို တွေ့ကြရခြင်းဖြစ်သည်။

ပင်လယ် ရေနွားများသည် ပင်လယ်ရေငန်တွင်ပေါက်သော မြက်များ၊ အယ်လ်ဂျေးများနှင့် ရေမှော်များကို စားသုံးသော သတ္တဝါဖြစ်ကြောင်း၊ ယင်းသည် အစာနောက်လိုက်ရင်း ယခင်က တွေ့ရှိရလေ့မရှိသော မြောက်ပိုင်း ရေပြင်သို့ရောက်လာခြင်းဖြစ်နိုင်ကြောင်း အဏ္ဏဝါဇီဝသုတေသီ ဧပြီဗာလာရီက ပြောကြားသည်။

ယင်းသတ္တဝါများသည် ရေအေးတွင် ရှင်သန်နိုင်သော သတ္တဝါများ မဟုတ်၍ အပူချိန်နိမ့်သော အအေးပိုင်းကာလများတွင် တောင်ပိုင်းရေပြင်သို့ ပြန်လည်ရွှေ့ပြောင်းကျက်စားရဖွယ်ရာရှိသည်ဟု သုတေသီများက ဆိုသည်။

ပင်လယ်ရေနွားများတွင် အချို့အမျိုးများသည် အမြီးပြားတစ်ခုတည်းသာရှိပြီး အချို့အမျိုးများတွင် ငါးများကဲ့သို့ အမြီးနှစ်ခွ ပါရှိသည်။ ယင်းတို့သည် ကိုယ်အလေးချိန် ကီလိုဂရမ် ၅၀၀မှ၁၀၀၀အထိကြီးထွားလေ့ရှိသော ရေနေ နို့တိုက်သတ္တဝါမျိုးဖြစ်သည်။

ပင်လယ်ရေနွားများ ကျက်စားလေ့ရှိသော ရေပြင်များမှာ ကာရစ်ဘီယံပင်လယ်ဒေသ၊ မက္ကဆီကိုပင်လယ်ကွေ့၊ အမေဇုန်ဒေသနှင့် အနောက်အာဖရိက ကမ်းခြေဒေသများဖြစ်သည်။

ရိုဒီကျွန်းအနီး မြင်တွေ့ရသည်ဆိုသော ပင်လယ်ရေနွားတစ်ကောင်ကို တွေ့ရစဉ်။ (အင်တာနက်)

အင်တာနက် သတင်း

ယင်းတို့ကို သဘာဝတွင် အန္တရာယ်ပေးသော သတ္တဝါဟူ၍ များများစားစား မရှိပေ။ သို့သော် နေထိုင်စရာချဲ့ထွင်လာသော လူသားများနှင့် လူတို့အသုံးပြုသော ရေယာဉ်တပ်မော်တော် သင်္ဘောများမှာ ယင်းသတ္တဝါများအတွက် ကြီးမားသော အန္တရာယ်များ ဖြစ်လျက်ရှိသည်။

နည်းပါးလာ

လူသားတို့နေရာချဲ့ထွင်နေထိုင်လာမှုကြောင့် ပင်လယ်ရေနွားများမှာ နေထိုင်စရာကျဉ်းလာပြီး ကောင်ရေလည်း နည်းပါးလာလျက်ရှိသည်။ အမေရိကန်ဖလော်ရီဒါကမ်းခြေဒေသ၌ ကျက်စားနေသော ပင်လယ်ရေနွားကောင်ရေသည် ၃၁၁၆ ကောင်သာ ကျန်ရှိကြောင်း ဖေဖော်ဝါရီလအတွင်းက ပြုစုသောစာရင်းများက ဖော်ပြသည်။ ***အင်တာနက်။***

မိမိတို့ကော်မတီသည် ယူနီဆက်၊ ယူအင်ဒီပီ စသည့်အဖွဲ့အစည်းများနှင့် ပူးပေါင်းကြပ်မတ် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အရွယ်မရောက်သေးသော ကလေးသူငယ်များအား တပ်သားသစ်အဖြစ် စုဆောင်းခြင်းသည် မရှိသလောက်နည်းပါးခဲ့

❖ ရွှေဖုံးမှ

ရှေးဦးစွာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးသည် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးအတွက် ဆောင်ရွက်ဖွယ်ရာကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်ရန်အတွက် ပြန်လည်သုံးသပ် ညှိနှိုင်းဆောင်ရွက်ကြမည့် အစည်းအဝေးဖြစ်ကြောင်း။

ထပ်မံပြင်ဆင်ဖွဲ့စည်း

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီကို ၂၀၀၄ခုနှစ် ဇန်နဝါရီ ၅ရက်တွင် ဖွဲ့စည်းတာဝန်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းအပြင် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်နေ့စွဲဖြင့် အဖွဲ့ဝင်တချို့အား ထပ်မံတိုးချဲ့ ပြင်ဆင်ဖွဲ့စည်းပေးခဲ့ကြောင်း။

အရွယ်မရောက်သေးသော ကလေးသူငယ်များအား အတင်းအကြပ် တပ်သားများအဖြစ် စုဆောင်းခြင်းကို ကာကွယ်တားဆီးရန်၊ ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်နှင့် ယင်းသို့ ကာကွယ်စောင့်ရှောက်ရန်အတွက် ထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်တို့အတွက် မိမိတို့က ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မရှိသလောက်နည်းပါး

အဆိုပါရည်ရွယ်ချက်အတိုင်း မိမိတို့ကော်မတီသည် ကုလသမဂ္ဂ လက်အောက်ခံ ယူနီဆက်အဖွဲ့၊ ယူအင်ဒီပီ စသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းကြပ်မတ် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် မိမိတို့ တပ်မတော်တွင် အရွယ်မရောက်သေးသော ကလေးသူငယ်များအား တပ်သားသစ်အဖြစ် စုဆောင်းခြင်းသည် မရှိသလောက်နည်းပါးခဲ့ကြောင်း၊ အဆိုပါ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများကို ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ စစ်သားစုဆောင်းရေးတပ်ရင်းများတွင် စုဆောင်းရရှိသည့် တပ်သားသစ်များနှင့်လည်း အခါအားလျော်စွာ တွေ့ဆုံပေးခဲ့ပြီးလည်းဖြစ်ကြောင်း။

မိမိတို့တပ်မတော်သည် တပ်သားသစ်များအား စုဆောင်းရာ၌ ၎င်းတို့၏ သဘောဆန္ဒအရ ဝင်ရောက်ခွင့်ပြုသော်လည်း သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှသာလျှင် တပ်သားသစ်အဖြစ် လက်ခံခဲ့သည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း၊ စစ်သားစုဆောင်းရေးဆိုင်ရာ မူဝါဒများကို ၁၉၄၇ ခုနှစ်ကပင် တိတိကျကျ သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်သည့်အပြင် ၁၉၅၉ခုနှစ် တပ်မတော်အက်ဥပဒေအရလည်း တိတိကျကျ သတ်မှတ်ပြဋ္ဌာန်းထားကြောင်း၊ ကာကွယ်ရေးဌာနကောင်စီ၏ တပ်မတော်စစ်သည်များအတွက် စစ်မှုထမ်းစည်းမျဉ်းဆိုင်ရာ ညွှန်ကြားလွှာများတွင်လည်း တပ်သားသစ်များအား အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်ရမည့်အပြင် ကျန်းမာရေးဆိုင်ရာ အခြားသော အချက်များနှင့် ပြည့်စုံမှသာ လက်ခံရမည်ဖြစ်ကြောင်းကို တိတိကျကျ ညွှန်ကြားထားပါသဖြင့် ထိုနည်းဥပဒေ၊အမိန့်နှင့် ညွှန်ကြားချက်များအတိုင်းသာ တပ်သားသစ်များကို လက်ခံခဲ့ကြခြင်းဖြစ်ကြောင်း။

အသက်လိမ်ဝင်လာ

သို့သော်လည်း တချို့သော အောက်ခြေရှိ တပ်ဖွဲ့ငယ်များသည် အကြောင်းအမျိုးမျိုးကြောင့် ဆွေမျိုးမိဘ အသိမပေးခဲ့ဘဲ တပ်သားအသစ်အဖြစ် ဝင်ရောက်လာသူအချို့အား လက်ခံခဲ့ရာ အသက်ငယ်ရွယ်သူ တချို့သည် အသက်လိမ်ပြီး ဝင်လာသည်များလည်းရှိကြောင်း၊ မိဘများသိရှိပြီး ၎င်းတို့အား ပြန်လည်ခေါ်ယူခွင့် တောင်းခံလာသည့်အခါတွင် ပြန်လည်စိစစ်ပြီး ၎င်းတို့ဆန္ဒအရ မိဘများထံ ပြန်လည်အပ်နှံပေးခဲ့ကြောင်း။

အသက် ၁၈ နှစ်ပြည့်သော်လည်း ကိုယ်ခန္ဓာအချိုးအစား ငယ်ရွယ်လွန်းသည့် ကလေးငယ်များကို ရှေ့တန်းစစ်ဆင်ရေး တာဝန်ပေးခြင်းမပြုဘဲ နောက်တန်းတပ်ရင်း ဌာနချုပ်များ၌သာ ပေါ့ပါးသည့် အလုပ်တာဝန်များ ပေးထားလေ့ရှိကြောင်း၊ တချို့စာမတတ်သူ ကလေးများကို တပ်မတော် ပညာရေးကျောင်းများသို့ပို့ပြီး ပညာသင်ပေးခဲ့ကြောင်း၊ ထိုသို့ငယ်ရွယ်သူ တပ်မတော်သားများအား ထိန်းသိမ်းစောင့်ရှောက်ထားခြင်း၊ ပညာသင် ပေးခြင်းတို့သည် မိမိတို့တပ်မတော်၏ ကောင်းမြတ်သော အလေ့အကျင့်များပင်ဖြစ်ကြောင်း။

ဝါဒဖြန့် ထိုးနှက်တိုက်ခိုက်နေ

မိမိတို့တပ်မတော်သည် တပ်သားသစ်များအပေါ် ထိုသို့ အလေ့အထကောင်း၊ အစဉ်အလာကောင်းများဖြင့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နေသော်လည်း ပြည်ပြေးသစ္စာဖောက် အဆိုးမြင်ဝါဒီများအနေဖြင့် မြန်မာ့တပ်မတော်တွင် ကလေးစစ်သားများ ရှိနေသည်၊ ရှေ့တန်းစစ်ဆင်ရေးများတွင် အဆိုပါ ကလေးစစ်သားများကို အသုံးပြုနေသည် စသည်ဖြင့် မဟုတ်မမှန်လုပ်ကြံပြီး ပြည်ပမီဒီယာများဖြင့် ပေါင်းကာ မိမိတို့နိုင်ငံအား ဝါဒဖြန့် ထိုးနှက်တိုက်ခိုက်မှုများ ပြုလုပ်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့အပြင် အတင်းအကြပ် လုပ်အားပေးစေမှု၊ တိုင်းရင်းသူများအား အတင်းအဓမ္မပြုကျင့်မှုတို့ကိုလည်း ပြုလုပ်နေကြောင်းဖြင့် မမှန်မကန် ဖန်တီးစွပ်စွဲလျက်ရှိကြောင်း။

မည်သို့ပင်ဖြစ်စေ မိမိတို့အနေဖြင့် ဥပဒေနှင့်အညီ မှန်ကန်သော ဆောင်ရွက်ချက်များကို ဆက်လက်လုပ်ဆောင်ကြရန်ဖြစ်ပြီး အရွယ်မရောက်သေးသည့် ကလေးသူငယ်များ ဝင်ရောက်လာသည်ကို လက်မခံရန်၊ ကလေးသူငယ်များ၏ အကျိုးစီးပွားအတွက် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ အောက်ခြေအဖွဲ့အစည်းများက တိတိကျကျ လိုက်နာဆောင်ရွက်ရေးတို့ကို ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး၊ ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေးနှင့် မိမိတို့၏ မှန်ကန်သော ဆောင်ရွက်ချက်များကို နိုင်ငံတကာက သိမြင်နားလည်ပြီး အဖျက်အမှောင့်သမားများ၏ မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုများ ပပျောက်သွားစေရေးတို့အတွက် သံတမန်ရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍ၊ ဥပဒေရေးရာကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ အလုပ်သမားရေးရာကဏ္ဍနှင့် တပ်မတော်ဆိုင်ရာကဏ္ဍ စသည့်ကဏ္ဍများအလိုက် ဥပဒေစည်းမျဉ်း စည်းကမ်းနှင့်အညီ ညွှန်ကြားစစ်ဆေး စီမံဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

❍ **ပြည်ပြေးသစ္စာဖောက် အဆိုးမြင်ဝါဒီများအနေဖြင့် မြန်မာ့တပ်မတော်တွင် ကလေးစစ်သားများ ရှိနေသည်၊ ရှေ့တန်းစစ်ဆင်ရေးများတွင် အဆိုပါ ကလေးစစ်သားများကို အသုံးပြုနေသည် စသည်ဖြင့် မဟုတ်မမှန် လုပ်ကြံပြီး ပြည်ပမီဒီယာများဖြင့် ပေါင်းကာ မိမိတို့နိုင်ငံအား ဝါဒဖြန့် ထိုးနှက်တိုက်ခိုက်မှုများ ပြုလုပ်နေ၊**

❍ **မည်သို့ပင်ဖြစ်စေ မိမိတို့အနေဖြင့် ဥပဒေနှင့်အညီ မှန်ကန်သော ဆောင်ရွက်ချက်များကို ဆက်လက်လုပ်ဆောင်ကြရန်ဖြစ်ပြီး အရွယ်မရောက်သေးသည့် ကလေးသူငယ်များ ဝင်ရောက်လာသည်ကို လက်မခံရန်၊ ကလေးသူငယ်များ၏ အကျိုးစီးပွားအတွက် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့် အညီ အောက်ခြေအဖွဲ့အစည်းများက တိတိကျကျ လိုက်နာဆောင်ရွက်ရေးတို့ကို ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်သွားကြရန်ဖြစ်။**

နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်း သင်တန်းများ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နယ်စပ်/စည်ပင်ဝန်ကြီးဌာန သင်တန်းများဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းသည် ယမန်နေ့နံနက် ၈ နာရီခွဲတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၅၁) ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော အဆင့်မြင့် အိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၁၂)နှင့် (၁၃)၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၄၄)နှင့် (၄၃) သင်တန်းများဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

သင်တန်းများဖွင့်ပွဲသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ဦးစီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

အဆင့်မြင့် အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၂)နှင့်(၁၃)တို့တွင် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သင်တန်းသူ ၆၀၊ စာရေးဝန်ထမ်း သင်တန်း အမှတ်စဉ်(၄၄)တွင် စည်ပင်သာယာရေး ဦးစီးဌာနမှ သင်တန်းသူ ၆၀၊ စာရေးဝန်ထမ်း သင်တန်း အမှတ်စဉ်(၄၅)တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သင်တန်းသူ ၃၀ စုစုပေါင်း သင်တန်းသူ ၁၅၀ တက်ရောက်သင်ယူလျက်ရှိပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ဘွဲ့လွန်သင်တန်းသား၊ သင်တန်းသူများ ကြည့်ရှုလေ့လာ

ရန်ကုန် ဩဂုတ် ၂၂

ဆေးတက္ကသိုလ်(၂) (ရန်ကုန်) ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနမှ တာဝန်ခံဆရာနှင့် ဘွဲ့လွန်သင်တန်းသား၊ သင်တန်းသူ ခြောက်ဦးတို့သည် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံသို့ ရောက်ရှိကြရာ ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် အသင်း၏ ဖွဲ့စည်းပုံအဆင့်ဆင့်တို့ကို ပြောကြားပြီး တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာဒေါ်မေမာလာက ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကိုလည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင် ဒေါ်သဇင်နွယ်က ပညာရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းဆွေးနွေး ပြောကြားကြသည်။

ယင်းနောက် ဘွဲ့လွန်သင်တန်းသား၊ သင်တန်းသူများ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ၂၀၀၆ခုနှစ် နှစ်ပတ်လည် အစည်းအဝေးတွင် ပြည်နယ်နှင့်တိုင်း ကြီးကြပ်ရေးအဖွဲ့အသီးသီးက တင်သွင်းခဲ့သော သုတေသနစာတမ်းများကို လည်းကောင်း၊ လှုပ်ရှားမှု ဓာတ်ပုံများကိုလည်းကောင်း၊ ရောဂါရှာဖွေရေး ဆေးခန်းနှင့် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာန မူလတန်းကြိုကျောင်းတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှု လေ့လာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

➪ ကျောဖုံးမှ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် အဖွဲ့ဝင်များလိုက်ပါလျက် ဒဂုံမြို့သစ် (မြောက်ပိုင်း) ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) (၂၆)ရပ်ကွက် ပြည်ထောင်စုလမ်းမကြီးရှိ ဒဂုံမြို့သစ် (တောင်ပိုင်း)ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး၊ သာကေတမြို့နယ် မာန်ပြေရပ်ကွက် ယမုံနာလမ်းနှင့် မြင်တော်သာလမ်းထောင့်ရှိ ရှုခင်းသာ ကိုယ်တိုင် ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေး၊ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ တာမွေကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးနှင့် ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ရန်ကင်းကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့သွားရောက်၍ ဈေးများအတွင်း၌ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ အဝတ်အထည်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်၊ တပ်ရင်း တပ်ဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးဇုန်နှင့် ကြက်၊ငါးမွေးမြူရေး အထူးဇုန်တို့မှ ကိုယ်တိုင်ထုတ်လုပ်သူလုပ်ငန်းရှင်များ၏ ကြက်သား၊ ကြက်ဥ၊ ငါးနှင့် ဟင်းသီးဟင်းရွက်အရောင်းဆိုင်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်၊ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေး၊ လူမှုရေးအသင်းအဖွဲ့များ၏ ကြက်သား၊ ကြက်ဥ၊အမဲသား၊ ဆိတ်သား၊ ဝက်သား၊ ရေချို ရေငန် ငါး၊ ပုစွန်မျိုးစုံနှင့် နို့ထွက်ပစ္စည်း အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ ဆန်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီစက်လုပ်ငန်းရှင်များအသင်း၏ စားအုန်းဆီအရောင်းဆိုင်များ၊ ကုန်ခြောက်အရောင်းဆိုင်များ၊ ရန်ကုန်တိုင်း ကုန်စည်ဒိုင်၏ မီးဖိုဆောင်သုံးပစ္စည်းအရောင်းဆိုင်များ၊ ရန်ကုန်တိုင်း သမဝါယမအသင်းစု၏ မီးဖိုဆောင်သုံးနှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုနှင့် ပြည်သူများ စည်ကားများပြားစွာ ဝယ်ယူနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ပြည်သူများအား အခြေခံစားကုန်များဖြစ်သည့် ဆန်၊ဆီနှင့် မီးဖိုဆောင်သုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာ၊ အလေးချိန်မှန်ကန်စွာ ရောင်းချသွားရေး၊ အခွန်လွတ်ဈေးများကို ဈေးအင်္ဂါရပ်နှင့်အညီ သပ်ရပ်သန့်ရှင်းစွာထားရှိရေး၊ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းဝယ်ဖောက်ကားရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါလျက် နံနက် ၈နာရီ ၁၅မိနစ်တွင် အင်းစိန်မြို့နယ် တညင်းကုန်းဘူတာအနီးရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန၏ တညင်းကုန်း ကုန်စိမ်းဈေးသို့ ရောက်ရှိကြသည်။

ယင်းနောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် တာဝန်ရှိသူများက တညင်းကုန်း ကုန်းစိမ်းဈေး၌ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ ရောင်းဝယ်ဖောက်ကားမှု အခြေအနေ၊ လမ်းပန်းဆက်သွယ်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းစီမံပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် တညင်းကုန်း ကုန်စိမ်းဈေးအတွင်း လှည့်လည်၍ ရောင်းဝယ်ဖောက်ကားမှုအခြေအနေ၊ ဈေးအဆောက်အအုံများအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အင်းစိန်မြို့နယ် ဗဟိုလမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဟင်းသီးဟင်းရွက်အအေးခန်းသို့ရောက်ရှိကြရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် တာဝန်ရှိသူများ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အဖွဲ့ဝင်များက ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို အအေးခန်းများအတွင်း သိုလှောင်မှု၊ ပြည်ပသို့ တင်ပို့မည့် သစ်သီးဝလံများအား ရွေးချယ်ထုပ်ပိုးမှုနှင့် ပြည်ပဈေးကွက်အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သစ်သီးဝလံရွေးချယ်ထုပ်ပိုးစက် (Grading Machine)နှင့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်အအေးခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကြည့်မြင်တိုင်မြို့နယ်ရှိ သီရိမင်္ဂလာဈေးသို့ရောက်ရှိကြပြီး ဈေးအတွင်း၌ သစ်သီးဝလံများ ရောင်းဝယ်ဖောက်ကား နေမှု၊ ဈေးပတ်ဝန်းကျင်အခြေအနေ၊ ဈေး၌ ရောင်းဝယ်ဖောက်ကားကြသည့် ကုန်တင်ကားများ ရပ်နားနေရာနှင့် သစ်သီးဝလံဆိုင်ခန်းများ စီစဉ်နေရာချထားနိုင်သည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ ဈေးများဌာန ဌာနမှူး ဦးစိုးဝင်း၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အဖွဲ့ဝင်များက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက သစ်သီးဝလံများမှာ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ပြီဖြစ်၍ စနစ်တကျ သိုလှောင်၊ ထုပ်ပိုး၊ ပို့ဆောင်နိုင်အောင် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်ရေး၊ ဈေး၌ သစ်သီးဝလံဆိုင်ခန်းများကို စနစ်တကျ သတ်မှတ်နေရာချထားရောင်းဝယ်ဖောက်ကားရေး၊ ဈေးသန့်ရှင်းရေးနှင့် ဈေးပတ်ဝန်းကျင် သန့်ရှင်းရေးကို အထူးအလေးထား ဆောင်ရွက်သွားကြရေး၊ ကုန်တင်ကားများ ကုန်တင်ကုန်ချမှုကို သတ်သတ်မှတ်မှတ် နေရာချထား လုပ်ကိုင်သွားကြရေး၊ လိုအပ်ချက်များကို တာဝန်ရှိသူများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရေးတို့ကို မှာကြားပြီး နံနက် ၉နာရီခွဲတွင် သီရိမင်္ဂလာဈေးမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

၁၉၈၈နောက်ပိုင်း မြန်မာတစ်နိုင်ငံလုံးတွင် ပေ ၁၈၀ အထက် တံတားကြီးပေါင်း ၂၁၈ စင်း ဖွင့်လှစ်နိုင်ခဲ့

❒ **ကချင်ပြည်နယ်မှ**

ယနေ့ နမ္မတီး(ကံလှ) တံတား ဖွင့်လှစ်ခြင်းသည် နိုင်ငံတော် အစိုးရက ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး (၅)ရပ်အနက် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေးဆိုသည့် လုပ်ငန်းစဉ်ကြီးကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလည်းဖြစ်ကြောင်း၊ ဤနမ္မတီး(ကံလှ) တံတားသည် ရွှေဘို–မြစ်ကြီးနားလမ်းတွင် အဓိကကျသည့်တံတားတစ်စင်းဖြစ်ကြောင်း။

နမ္မတီးတံတား(ကံလှ) ဖွင့်ပွဲတွင် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါ တံတားကြီးကို ဖွင့်လှစ်လိုက်သည့်အတွက် မန္တလေးမှ မြစ်ကြီးနား – ဗန်းမော် – တရုတ်ပြည်သူ့သမ္မတနိုင်ငံ နယ်စပ်အထိ၊ မြစ်ကြီးနားမှ နမ္မတီး–နန်းယွန်း–အိန္ဒိယပြည်နယ်စပ်အထိ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စွာ သွားလာနိုင်ပြီး ဤဒေသ၏ ထွက်ကုန်များ၊ ကုန်စည်စီးဆင်းမှုတို့ သွက်လက်လာတော့မည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကချင်ပြည်နယ်အပါအဝင် ပြည်ထောင်စုကြီး၏နယ်မြေဒေသအားလုံးကို ကွက်လပ်မကျန် တစ်ပြိုင်တည်း ဖွံ့ဖြိုးလာစေရန် ဒေသအလိုက် လိုအပ်ချက်များကို လေ့လာဖော်ထုတ် ဆောင်ရွက်ပေးနေကြောင်း၊ ဒေသတစ်ခုဖွံ့ဖြိုးရေးသည် အဓိကကျသဖြင့် နိုင်ငံတော်အစိုးရက ဖွံ့ဖြိုးရေးဇုန်၂၄ဇုန်သတ်မှတ်ပြီး ပြည်နယ်/တိုင်းအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရန် နယ်စပ်ဒေသပါမကျန် လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ပြင် ပြည်နယ်/တိုင်း ဒေသတစ်ခုနှင့်တစ်ခုအကြား ဖွံ့ဖြိုးတိုးတက်မှု၌ ကွာဟမှုမရှိစေဘဲ တတ်နိုင်သမျှ တစ်ပြေးညီ တိုးတက်ဖွံ့ဖြိုးလာအောင် စီမံဆောင်ရွက်ပေးရမည် ဆိုသည့် ရည်ရွယ်ချက်ဖြင့် နယ်စပ်ဒေသများ အပါအဝင် မဖွံ့ဖြိုးမတိုးတက်သေးသော ဒေသများ ဖွံ့ဖြိုးတိုးတက်လာရေးကို အလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသား ညီအစ်ကိုများ ပိုမိုစည်းလုံးညီညွတ်ချစ်ခင်လာစေရန်၊ နယ်မြေဒေသများ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေ စိုးမိုးမှုရှိလာစေရန်၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး ကဏ္ဍအသီးသီး၌လည်း အဘက်ဘက်က နောက်ကျမကျန်ခဲ့ရအောင် တစိုက်မတ်မတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ မြောက်ဘက်စွန်း၌ တည်ရှိ၍ ခရိုင်လေးခရိုင်၊ မြို့နယ် ၁၈မြို့နယ်၊ မြို့ခြောက်ခုတို့ဖြင့် ဖွဲ့စည်းထားပြီး ရေမြေတောတောင် သယံဇာတ ပေါကြွယ်ဝသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ယခင်ပြည်နယ်အတွင်း နယ်မြေဒေသ အေးချမ်းသာယာမှု မရှိသည့်အတွက် စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည်တို့သည် အဘက်ဘက်က နောက်ကျကျန်ရစ်ခဲ့ကြောင်း။

ယခုအခါပြည်နယ်အတွင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြပြီဖြစ်သည့်အတွက် နယ်မြေတည်ငြိမ်အေးချမ်းမှုရှိလာပြီး မော်တော်ကားလမ်း အသစ်များ တိုးချဲ့ဖောက်လုပ်ခြင်း၊ ကားလမ်းအဟောင်းများ တိုးတက်ပြုပြင်ခြင်း၊ မန္တလေး–မြစ်ကြီးနား မီးရထားလမ်းကို အဆင့်မြှင့်တင်ခြင်း၊ မြစ်ကြီးနား လေဆိပ်၊ ဗန်းမော်လေဆိပ်၊ ပူတာအိုလေဆိပ်တို့ကို တိုးချဲ့ပြုပြင်ခြင်း စသည့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို တည်ဆောက်ပြုပြင် ပေးနိုင်သည်နှင့်အမျှ ကချင်ပြည်နယ်သည် တစ်နှစ်ထက်တစ်နှစ် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်ကြောင်း။

ကချင်ပြည်နယ်သည် အေးချမ်းသာယာလာသည်နှင့်အမျှ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်နယ်အတွင်း လမ်း၊ တံတားများကို တစိုက်မတ်မတ် တည်ဆောက်လျက်ရှိကြောင်း၊ ကချင်ပြည်နယ်အတွင်း ယခင်က သွားရေးလာရေးခက်ခဲသည့် မြစ်ကြီးနား–တနိုင်းကားလမ်းကို ရာသီမရွေး သွားလာနိုင်သော အမာခံလမ်းဖြစ်အောင် ဆောင်ရွက်ပေးခဲ့ပြီး ၉၄၂ပေရှိသည့် တနိုင်းတံတားနှင့် လွယ်လီယန်တံတားများကို အခိုင်အမာ တည်ဆောက်ပေးခဲ့ကြောင်း၊ ယခု ဒွန်ဘန်တံတားလည်း တည်ဆောက်လျက်ရှိကြောင်း၊ တနိုင်းကဆက်ပြီး အိန္ဒိယနိုင်ငံ နယ်စပ်အထိ နန်းယွန်း၊ ပန်ဆောင်တို့ကိုဖြတ်ပြီး ရာသီမရွေးသွားလာနိုင်သည့် လမ်းနှင့်တံတားများအဖြစ် တည်ဆောက်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း။

မိုးကောင်း–ဖားကန့်လမ်းကိုလည်း ရာသီမရွေးသွားလာနိုင်သည့် အမာခံလမ်းနှင့် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်နေကြောင်း၊ ဗန်းမော်–မြစ်ကြီးနားလမ်းပေါ်ရှိ ပေ၅၀အောက်တံတားများကိုလည်း ကွန်ကရစ်တံတားများအဖြစ် တည်ဆောက်လျက်ရှိနေကြောင်း၊ ယင်းလမ်းပေါ်တွင် ၂၆၈၈ပေရှိသည့် ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတား၊ ပေ၂၆၀ရှိသည့် နမ့်မြစ်ခတံတား၊ ပေ၃၂၀ရှိသည့် မလိယန်တံတား၊ ပေ၄၀၀ရှိသည့် နန်ဆန်ယန်တံတား၊ ၃၂၅ပေရှိသည့် မိုးလဲတံတား၊ ပေ ၃၂၀ရှိသည့် တာပိန်တံတား၊ ပေ ၅၀၀ ရှိသည့် ဒဘတ်ချောင်း တံတားတို့ကိုလည်း တည်ဆောက်ပေးခဲ့ကြောင်း၊ ဧရာဝတီ အရှေ့ဘက်ခြမ်း ဗန်းမော်ဘက်မှ မန္တလေး–တကောင်း–ဗန်းမော်လမ်း (မဟာဗျူဟာ) လမ်းသစ်ကြီးကို ကျောက်အမာခံလမ်းမှ ကတ္တရာလမ်း တည်ဆောက်နေကြောင်း၊ ငါးအိုးတံတား၊ စင်းခန်းတံတားများကိုလည်း တည်ဆောက်ပြီးဖြစ်ကြောင်း။

ပူတာအိုဒေသ၌ ဆိုလျှင်လည်း ပူတာအို–နောင်ခိုင်–မချမ်းဘောလမ်း၊ မချမ်းဘော–ဖရခ–နောင်မွန်းလမ်း၊ မြောက်ဖက်ဖျားခါကာဘိုရာဇီတောင်ကိုသွားသည့် ရပ်ဘော့–ဂေါ်လဲထု–ပန်းနန်းဒင်လမ်း၊ ဖုန်ကန်ရာဇီ ရေခဲတောင်သို့ သွားရောက်သည့် ဂျစ်ကားလမ်းနှင့် ကြိုးတံတားများကိုလည်း တည်ဆောက်နေကြောင်း၊ ယခင်က မြစ်ကြီးနားနှင့် ပူတာအိုကို လေယာဉ်လမ်းကြောင်းတစ်ခုတည်းသာ အားကိုးသွားလာနေရသော်လည်း ယခုအခါ မော်တော်ယာဉ်များဖြင့် ကုန်စည်တင်ပို့ခြင်းများ ဆောင်ရွက်နိုင်ပြီ ဖြစ်ကြောင်း၊ မြစ်ကြီးနား–ဆွမ်ပရာဘွမ်–ပူတာအို ကားလမ်းပိုင်းကိုလည်း လမ်းအထူးအဖွဲ့(၆)က ဒေသခံ အသင်းအဖွဲ့များအတူ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလမ်းပေါ်တွင် ရှိသည့် ၂၃၅ပေအရှည် ဖုန်အင်တံတားသစ်ကို တည်ဆောက်နိုင်ခဲ့ပြီး ဖြစ်ကြောင်း။

ယနေ့အချိန်အထိ မြန်မာတစ်နိုင်ငံလုံးတွင် ၁၉၈၈ခုနှစ် နောက်ပိုင်း ကတ္တရာလမ်း မိုင် ၁၈၀၀ မိုင်၊ ၄ဖာလုံ အပါအဝင် ကျောက်လမ်း၊ အမာခံလမ်း၊ မြေသားလမ်းစုစုပေါင်း မိုင်ပေါင်း ၅၀၀၀ ကျော် တိုးတက်ဖောက်လုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ကချင်ပြည်နယ်အနေဖြင့် ၁၉၈၈ခုနှစ် နောက်ပိုင်း ကတ္တရာလမ်း ၁၂၄မိုင် တိုးချဲ့နိုင်ခဲ့ပြီး လမ်းသစ်၁၀၆မိုင် တိုးတက် ဖောက်လုပ်နိုင်ခဲ့ကြောင်း၊ လက်ရှိ ကချင်ပြည်နယ်အတွင်း လမ်းမိုင်အရှည် စုစုပေါင်း ၂၂၇၂မိုင်နှင့် ၃ဒသမ ၅ဖာလုံ ဖောက်လုပ်ထားပြီး ဖြစ်ကြောင်း။

၁၉၈၈နောက်ပိုင်း မြန်မာတစ်နိုင်ငံလုံးတွင် ပေ ၁၈၀အထက်တံတားကြီးပေါင်း ၁၉၇ စင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့ဖွင့်လှစ်သည့် နမ္မတီး(ကံလှ) တံတားသည် ၁၉၈စင်းမြောက်တံတားဖြစ်ကြောင်း၊ ကချင်ပြည်နယ်အနေဖြင့် ၁၄စင်းမြောက် ဖွင့်လှစ်နိုင်ခဲ့သည့် ပေ ၁၈၀ အထက် တံတားကြီးတစ်စင်းဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ နိုင်ငံတော်အစိုးရက နိုင်ငံတော်ကြီးကို အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာအောင် ပြည်နယ်နှင့်တိုင်း လွယ်လင့်တကူ ကူးသန်းသွားလာနိုင်သည့် လမ်းမကြီးများ၊ တံတားကြီးများကို စဉ်ဆက်မပြတ် ဖောက်လုပ် တည်ဆောက်နေလျက်ရှိသည့် အချိန်တွင် ဒေသခံပြည်သူများသည် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြပါ၊ဤတံတားကြီး ခိုင်ခံ့တည်မြဲအောင်လည်း စောင့်ရှောက်သွားကြပါ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီကို အတူလက်တွဲ လျှောက်လှမ်းကြပါဟု ပြောကြားသွားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တံတားတည်ဆောက်ပေးရခြင်းနှင့် တံတားဆောက်လုပ်ရေး လုပ်ငန်း

နမ္မတီးတံတား(ကံလှ)ဖွင့်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးနေရသည့် လမ်းများမှာ ၁၉၈၈ခုနှစ်အထိ တစ်နိုင်ငံလုံး လမ်းမိုင်အရှည် ၁၃၆၃၅မိုင်ရှိခဲ့ရာက ယနေ့ဆိုလျှင် လမ်းမိုင် အရှည် ၁၉၀၂၀/ ၆မိုင်ရှိလာပြီဖြစ်သည့်အတွက် ၅၃၈၅/ ၆မိုင် တိုးတက်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ယင်းကဲ့သို့ပင် ကချင်ပြည်နယ်၌ ၁၉၈၈ခုနှစ်အထိ လမ်းမိုင် ၁၄၇၁မိုင်ရှိခဲ့ရာက ယနေ့ဆိုလျှင် ၁၆၅၂/၄မိုင် ရှိလာပြီး ၁၈၁/၄မိုင်အထိ တိုးတက်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

တံတားပိုင်းတွင်ဆိုလျှင်လည်း ပေ ၁၈၀နှင့်အထက် တံတားများသည် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် ဤနမ္မတီးတံတား(ကံလှ)အပါအဝင်ဆောက်လုပ်ရေးက ၁၉၈ စင်း၊ တပ်မတော်က ၁၁စင်း၊ ရထားပို့ဆောင်ရေးက ခုနစ်စင်း၊ လျှပ်စစ်စွမ်းအားက နှစ်စင်း စုစုပေါင်း ၂၁၈စင်းဖြစ်ကြောင်း။

တစ်ပြည်လုံး၌ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ပေ၂၀မှ ပေ၁၀၀အထိ ၁၈၃၄စင်း၊ ပေ၁၀၀မှ ပေ၁၈၀အထိ ၂၄၀စင်း၊ ၁၉၈၈ခုနှစ်မတိုင်မီကာလအထိ တည်ဆောက်ပြီး ပေ ၁၈၀နှင့်အထက် တံတားပေါင်း ၁၉၈စင်းနှင့် ကချင်ပြည်နယ်အတွင်း၌ ၂၇စင်းသာရှိခဲ့ရာမှ ယနေ့ဆိုလျှင် ယခုတံတားကြီးအပါအဝင် ၄၁စင်း၊ ပေ၁၀၀မှ ၁၈၀ပေအထိ တံတား ၁၆စင်း၊ ပေ၂၀မှ ပေ၁၀၀အထိ တံတား ၂၂၈စင်းတို့ တည်ဆောက်ပေးပြီးဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်သည့် နမ္မတီးတံတား(ကံလှ)သည် သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ ဤတံတားအပြင် ကောင်းမှုလုံကြိုးတံတား (ဂျစ်ကားကူး)နှင့် ဒွန်ဘန်တံတား၊ ဖုန်အင်တံတားများကိုလည်း ဆက်လက်ဖွင့်လှစ်ပေးနိုင်အောင် ဆောင်ရွက်နေကြောင်း။

ဤတံတားကြီးကို ပြည်တွင်းငွေကျပ် သန်းပေါင်း ၆၆၄ဒသမ၂သန်း အကုန်အကျခံ တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဤတံတားအပါအဝင် တံတားကြီး ၁၉၈စင်းအတွက် ကုန်ကျစရိတ်မှာ ပြည်တွင်းငွေကျပ်သန်းပေါင်း ၁၅၄၀၂၀နှင့် နိုင်ငံခြားငွေ ၁၇၃သန်းကျော် ဖြစ်ကြောင်း။

ထို့အပြင် ပေ ၁၀၀နှင့် ပေ ၁၈၀ အထက် တံတားပေါင်း၂၄၀စင်းကိုတည်ဆောက်ပေးပြီးဖြစ်ရာ ကုန်ကျစရိတ်စုစုပေါင်း ပြည်တွင်းငွေ ကျပ်သန်းပေါင်း ၇၀၉၅သန်းအထိ နိုင်ငံတော်က ကျခံဆောင်ရွက်ပေးပြီးဖြစ်ကြောင်းနှင့် တည်ဆောက်ပေးခဲ့ပြီး လမ်း၊ တံတားများ ရေရှည်အသုံးပြုနိုင်အောင် အားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးဖြစ်သော ဦးယုနိုင်က တံတားကြီးတည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်းနှင့် တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားမည်ဖြစ်ပါကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်ပရိသတ်တို့သည် တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်မည့် မုခ်ဦးသို့ သွားရောက်နေရာယူကြပြီး မင်္ဂလာအချိန်တွင် တိုင်းမှူးနှင့် ဝန်ကြီးတို့က ဖဲကြိုးဖြတ်၍ နမ္မတီးတံတား(ကံလှ)ကို ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဒေသခံများနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့၌ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် နမ္မတီးတံတား(ကံလှ) မော်ကွန်းကျောက်စာတိုင်ကို တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က မော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးကြကာ တံတားကို ဖြတ်သန်းကြည့်ရှု၍ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နမ္မတီးတံတား(ကံလှ)၏ တံတားအမျိုးအစားမှာ တံတားအောက်ထည်သည်အုတ်မြစ်သံကူကွန်ကရစ်ရေတွင်းခွေ၊ တံတားအပေါ်ထည်သည် သံကူကွန်ကရစ်ဖြစ်ပြီး တံတားအရှည်မှာ ပေ ၂၈၀ရှိ၍ ယာဉ်သွားလမ်းအကျယ်မှာ ၂၄ပေနှင့် လူသွားလမ်းအကျယ်မှာ တစ်ဖက်လျှင် သုံးပေစီပါရှိကာ ခွင့်ပြုယာဉ်အလေးချိန်သည် ယာဉ်တစ်စီးခြင်းမှာ တန် ၆၀ဖြစ်သည်။

ယခင်က နမ္မတီးတံတား(ကံလှ) တံတားဟောင်းသည် H-20 သံပေါင်တံတားအမျိုးအစားဖြစ်ပြီး တန် ၂၀ အထိသာ ဖြတ်သန်းသွားလာနိုင်ခဲ့ရာမှ ယခုအခါ သံကူကွန်ကရစ်တံတားအဖြစ် တိုးမြှင့်တည်ဆောက် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်၍ ယာဉ်တစ်စီးချင်းမှာ တန် ၆၀ အထိ လုံခြုံချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မော်တော်ယာဉ်များ၊ ခရီးသည်များ အဆင်ပြေရေးအတွက် ဖြည့်တင်းစဉ်စောင့်ဆိုင်းချိန်မကြာစေရေး အထူးဂရုစိုက် သဘာဝဓာတ်ငွေ့ကို သတ်မှတ်ပိအားပြည့်မီအောင် ဖြည့်တင်းပေး

နေပြည်တော် ဩဂုတ် ၂၂

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၈ ရက် မွန်းလွဲပိုင်းတွင် မန္တလေးမြို့ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း တိုင်းရောင်းဝယ်ရေးအရာရှိရုံး၌ ကျင်းပသော ဝန်ထမ်းများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ညွှန်ကြားရေးမှူး ဦးလှမြင့်မောင်နှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းအတွင်းရှိ စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ လုပ်ငန်းဌာန အသီးသီးမှ ဝန်ထမ်းများ၊ စက်သုံးဆီအရောင်းဆိုင် မန်နေဂျာများ တက်ရောက်ကြသည်။

ထို့နောက် ဝန်ကြီးက ပြောကြားရာတွင် ယနေ့ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ အဆမတန် မြင့်တက်လျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် စက်သုံးဆီအလေအလွင့်မရှိစေရေး၊ မသမာမှုများ ပပျောက်စေရေးတို့အတွက် ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာဆောင်ရွက် သွားကြရန်လိုကြောင်း၊ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်သွားရေးတို့ကို အသေးစိတ် မှာကြားသည်။ ထို့နောက် ဝန်ကြီးက ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ဖယောင်းတိုင်ထုတ်လုပ်ရေးဌာနခွဲ ဖယောင်းတိုင်စက်ရုံ(မန္တလေး)သို့ ရောက်ရှိရာ စက်ရုံမှူး ဦးကျော်စိုးဝင်းက ဖယောင်းကုန်ကြမ်းရရှိမှု၊ ဖယောင်းတိုင်ထုတ်လုပ်ဖြန့်ဖြူးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဝန်ကြီးက ကုန်ထုတ်လုပ်မှုနှင့် ဝင်ငွေအချိုး မျှတရေး၊ ဖယောင်းတိုင် တိုးတက်ထုတ်လုပ်နိုင်ရေးတို့အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ချမှတ်ပေးပြီး ဖယောင်းတိုင် ထုတ်လုပ်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲသို့ ရောက်ရှိရာ အထွေထွေ မန်နေဂျာ ဦးထွန်းမြင့်ဦးက စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဝန်ကြီးက စက်သုံးဆီပြတ်လပ်မှုမရှိစေရေးမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်သုံးဆီ သိုလှောင်ကန်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုံခြုံရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေးတို့ကို မှာကြားပြီး သိုလှောင်ကန်များကို နေ့စဉ်တိုင်းတာ ဆောင်ရွက်နေမှုကို စစ်ဆေးသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် မန္တလေးမြို့ (၄၁)လမ်းနှင့် (၈၅)လမ်းထောင့်ရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်သို့ သွားရောက်စစ်ဆေးပြီး ဝန်ကြီးက မော်တော်ယာဉ်များ၊ ခရီးသည်များ အဆင်ပြေချောမွေ့စေရေးအတွက် ဖြည့်တင်းစဉ် စောင့်ဆိုင်းချိန်မကြာစေရေး အထူးဂရုစိုက်ရန်နှင့် သဘာဝဓာတ်ငွေ့ကို သတ်မှတ်ဖိအားပြည့်မီအောင် ဖြည့်တင်းပေးရန်တို့ကို မှာကြား၍ မော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့ ဖြည့်တင်းပေးနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မန္တလေးမြို့ စက်သုံးဆီ အရောင်းဆိုင်အမှတ် (၀၆၁၂)သို့ ရောက်ရှိပြီး မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များကို စက်သုံးဆီဖြည့်တင်းပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဝန်ကြီးက လုံခြုံရေး၊ မီးဘေးအန္တရာယ် ကာကွယ်ရေး၊ စက်သုံးဆီအချင်အတွယ် မှန်ကန်စေရေး၊ အများပြည်သူတို့နှင့် ဆက်ဆံရာတွင် ပြေပြစ်ချောမွေ့စေရေးတို့အတွက် မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မန္တလေးမြို့ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်တွင်မော်တော်ယာဉ်အား သဘာဝဓာတ်ငွေ့ဖြည့်တင်းပေးနေမှု ကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ကျန်းမာရေးမှူးများအသင်း ခွဲမွန်ပြည်နယ် နှစ်ပတ်လည်အစည်းအဝေးပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

မြန်မာနိုင်ငံ ကျန်းမာရေးမှူးများ အသင်းခွဲ မွန်ပြည်နယ်၏ နှစ်ပတ်လည် အစည်းအဝေး၊ အလှူငွေပေးအပ်ပွဲနှင့် မြန်မာနိုင်ငံကျန်းမာရေးမှူးများအသင်း သတ္တမအကြိမ်ညီလာခံ အတွေ့အကြုံ ထပ်ဆင့်ရှင်းလင်းပွဲကို ဩဂုတ် ၁၂ရက်တွင် မော်လမြိုင်မြို့ရှိ အထွေထွေရောဂါကု ဆေးရုံကြီး အစည်းအဝေးခန်းမ ဆောင်၌ကျင်းပရာ မွန်ပြည်နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ တင်ဝင်းကျော်က အမှာစကားပြောကြား သည်။ **(အပေါ်ပုံ)**

ထို့နောက် မြန်မာနိုင်ငံ ကျန်းမာရေး မှူးများအသင်းခွဲ မွန်ပြည်နယ်၏ အလုပ် အမှုဆောင်အဖွဲ့ အစီရင်ခံစာကို ဥက္ကဋ္ဌ ဦးကရင်က ဖတ်ကြားတင်သွင်း၍ အစည်းအဝေးက အတည်ပြုပြီး မြန်မာ နိုင်ငံ ကျန်းမာရေးမှူးများအသင်းဥက္ကဋ္ဌ ဦးအေးမြင့်နှင့် မွန်ပြည်နယ် အထူး ရောဂါနိမ်နင်းရေးအဖွဲ့ ကြီးကြပ်အုပ် ချုပ်သူဦးနိုင်မြင့်မိုးတို့က အလှူငွေများ ကိုပေးအပ်လှူဒါန်းကြရာဥက္ကဋ္ဌ ဦးကရင် က လက်ခံသည်။ (သတင်းစဉ်)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်ကွက်၊ သမာဓိလမ်းနေ ဦးခင်မောင်-ဒေါ်စန်းရီ မိသားစုက ရွှေတိဂုံစေတီတော် ရွှေသင်္ကန်းကပ်လှူရန်အတွက် ငွေကျပ် တစ်သိန်းကို ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင် ဦးသန့်ဇင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)



ရန်ကုန်နှင့်မန္တလေး အဝေးသင်တက္ကသိုလ် အနီးကပ်သင်တန်းနှင့်အတန်းတင်စာမေးပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၂

၂၀၀၆ ပညာသင်နှစ် ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေး အဝေးသင် တက္ကသိုလ်တို့၏ အနီးကပ်ပို့ချသင်တန်းများနှင့် အတန်းတင်စာမေးပွဲများကို ကျင်းပမည် ဖြစ်ကြောင်း သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

ပထမအသုတ်အဖြစ် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် သိပ္ပံအထူးပြု ကျောင်းသားများအတွက် အတန်းတင် စာမေးပွဲကို အောက်တိုဘာ ၄ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ဒုတိယအသုတ်အဖြစ် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် (ပထဝီဝင်၊ သမိုင်းနှင့် စီးပွားရေးမှအပ) ကျန်ဝိဇ္ဇာအထူးပြု အားလုံး၊ ဥပဒေနှင့် စတုတ္ထနှစ်ဥပဒေအထူးပြု ကျောင်းသားများအတွက် အနီးကပ် ပို့ချသင်တန်းများကို အောက်တိုဘာ ၁၆ ရက်မှ ၂၅ ရက်အထိ ပြုလုပ်မည် ဖြစ်သည်။ ပထမနှစ်၊ဒုတိယနှစ်၊တတိယနှစ် (ပထဝီဝင်၊ သမိုင်းနှင့် စီးပွားရေးမှ အပ) ကျန်ဝိဇ္ဇာ အထူးပြုအားလုံး၊ ဥပဒေနှင့် စတုတ္ထနှစ် ဥပဒေအထူးပြု ကျောင်းသားများအတွက် အတန်းတင်စာမေးပွဲကို အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

တတိယအသုတ်အဖြစ် ပထမနှစ်၊ဒုတိယနှစ် စီးပွားရေးအထူးပြုအားလုံး၏ အထောက်အကူပြု ဘာသာရပ်များ၊ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် သမိုင်း၊ ပထဝီဝင်၊ တတိယနှစ်စီးပွားရေး အထူးပြုအားလုံး ကျောင်းသားများအတွက် အနီးကပ် ပို့ချသင်တန်းများကို နိုဝင်ဘာ ၁၀ ရက်မှ ၂၀ ရက်အထိ ပြုလုပ်မည်ဖြစ်သည်။

ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် သမိုင်း၊ ပထဝီဝင်၊ စီးပွားရေးအထူးပြု အားလုံး ကျောင်းသားများအတွက် အတန်းတင်စာမေးပွဲကို နိုဝင်ဘာ ၂၃ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပထမနှစ်နှင့် ဒုတိယနှစ် စီးပွားရေးအထူးပြုများအတွက် စီးပွားရေး ဘာသာရပ်မှလွဲ၍ ကျန်အထောက်အကူပြု ဘာသာရပ်များအတွက် အနီးကပ် သင်တန်းပို့ချမည်ဖြစ်သည်။

တတိယနှစ် စီးပွားရေးအထူးပြုများအတွက် (စီးပွားရေး ဘာသာရပ်များ အပါအဝင်) ဘာသာရပ်များအားလုံးအတွက် အနီးကပ်သင်တန်း ပို့ချမည် ဖြစ်သည်။

ပထမနှစ်နှင့် ဒုတိယနှစ် စီးပွားရေးနှင့် ပေါင်းစပ်ဘာသာရပ် အထူးပြု ကျောင်းသားများအတွက် စီးပွားရေးဘာသာရပ်များကို အီလက်ထရွန်နစ် သင်ယူမှုဌာန (e-Education Learning Centre) များတွင် လေ့လာနိုင်ရန် စီစဉ်ထားပြီးဖြစ်သဖြင့် အနီးကပ်သင်တန်းများတွင် ထပ်မံပို့ချတော့မည် မဟုတ်ဟု သိရသည်။ အသေးစိတ်အချိန်ဇယားကို ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် ဌာနခွဲ များ၌ ဆက်လက်ထုတ်ပြန်ပေးမည်ဖြစ်သည်။ (သတင်းစဉ်)

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကံထူးရှင်အားဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၂

International Beverages Trading Co,Ltd က စီစဉ်ပြုလုပ်သည့် ဂရင်းရွိုင်ရယ်၏ ၂၀၀၆ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကံစမ်းမဲအစီအစဉ် (Grand Royal World Cup Winner Event)မှ ငွေကျပ်သိန်း ၁၀၀ ကံထူးရှင်အား ဆုချီးမြှင့်သည့် အခမ်းအနားကို ဩဂုတ် ၂၁ရက်တွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ရှေးဦးစွာ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်က နှုတ်ခွန်းဆက်စကားပြောကြားပြီး အဆိုပါ ကုမ္ပဏီလီမိတက်မှ ၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကာလအတွင်း စီစဉ်တင်ဆက်ခဲ့သည့် နယ်လှည့်ဖျော်ဖြေရေး အစီအစဉ် Grand Royal Cross Country Tour DVD Show ကို ပြသ သည်။ ထို့နောက် အရောင်းနှင့် ဈေးကွက်မန်နေဂျာ ဦးမိုးသန်းချစ်က ဂရင်းရွိုင်ရယ် ၏ အီတလီအသင်း ကံထူးရှင် ကိုအောင်မျိုးမင်းအား ငွေကျပ် သိန်း ၁၀၀ကို ပေးအပ်ချီးမြှင့်ပြီး စက္ကောမနှင့် အသံတုရဲမြင့်လေးတို့က မျက်လှည့်ဖြင့် ဖျော်ဖြေ တင်ဆက်ကြသည်။

အဆိုပါ ကံထူးရှင် ကိုအောင်မျိုးမင်းသည် မြစ်ကြီးနားမြို့ ယုဇနရပ်ကွက် အမှတ်(၃၁၀)၌ နေထိုင်သူဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



အရောင်းနှင့် ဈေးကွက်မန်နေဂျာဦးမိုးသန်းချစ် အီတလီအသင်းကံထူးရှင် ကို အောင်မျိုးမင်းအား ငွေကျပ်သိန်း ၁၀၀ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြေငလျင်ဆိုင်ရာသုတေသနစာတမ်းများ ဖတ်ကြားမည်

ရန်ကုန် ဩဂုတ် ၂၂

မြန်မာနိုင်ငံ မြေငလျင်ကော်မတီ၊ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းနှင့် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်း၍ တက်တိုးနစ် မြေငလျင်ပညာ၊ သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် ငလျင်အင်ဂျင်နီယာ ဆိုင်ရာ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ပြီး Myanmar Symposium on Tectonics, Earthquake Engineering and Earthquake Related Hazards ကို ပညာရှင်အသီးသီးနှင့် အင်ဂျင်နီယာများက ဩဂုတ် ၂၆ရက် (စနေနေ့)နံနက် ၉နာရီတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၌ စာတမ်းများ ဖတ်ကြားကြမည်ဖြစ်သည်။

ယင်းစာတမ်းဖတ်ပွဲသို့ တက်ရောက်လိုသူများနှင့် ပြခန်းခင်းကျင်းပြသ လိုသူများသည် ဩဂုတ် ၂၅ရက် မတိုင်မီ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း တည်ရာ တက္ကသိုလ်ရိပ်သာ လိုင်းနယ်မြေသို့ ဆက်သွယ်စာရင်းသွင်းကြရန် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက နှိုးဆော်ထားသည်။ (သတင်းစဉ်)



အင်းစိန် အထက(၁) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေး နှင့် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၃ ရက်က ရေခန်းမ ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီးဦးအောင်ကြည် ခြောက်ဘာသာဂုဏ်ထူး ရှင် မောင်ဝေယံပိုင်အား ဆုချီးမြှင့်စဉ်။ (ဇော)

နိုင်ငံတော်နှင့် ပြည်သူလူထုအား အကြမ်းဖက်အဖျက်လုပ်ရပ်များ ကျူးလွန်ရန် မတရားအသင်းနှင့်အကြမ်းဖက်သမားဟု ကြေညာခံထားရသည့်အဖွဲ့များ ပူးပေါင်းပြီး NCUB (၈)ကြိမ်မြောက်ညီလာခံ တစ်ဖက်နိုင်ငံတွင်ကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

နိုင်ငံတော်ကို လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ဖြင့် ဆန့်ကျင်တိုက်ခိုက်နေသော မြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB)၏ (၈)ကြိမ်မြောက်ညီလာခံကို ဩဂုတ်၁၄ရက်မှ ၁၈ရက်နေ့အထိ တစ်ဖက်နိုင်ငံ မဲဆောက်မြို့မြောက်ဘက်ရှိ အပန်းဖြေစခန်းတစ်ခုတွင် ကျင်းပခဲ့ရာ NCUB အဖွဲ့ဝင် မြန်မာပြည်ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ် (DAB)၊ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF)၊ NLD(LA) နှင့် လွှတ်တော်ကိုယ်စားလှယ်များသမဂ္ဂ (MPU) အဖွဲ့တို့မှ ကိုယ်စားလှယ် ၆၆ ဦး အပါအဝင် လူ ၁၀၀ ကျော် တက်ရောက်ခဲ့ကြောင်း။

ထိုအစည်းအဝေးမှ သဘာပတိအဖွဲ့ဝင်များ အသစ်ရွေးချယ်တင်မြှောက်ခဲ့ရာ–

(၁)	DAB ဥက္ကဋ္ဌ တာမလာဘော	ဥက္ကဋ္ဌ
(၂)	NDF ဥက္ကဋ္ဌ ဖဒိုဘသင်	ဒုဥက္ကဋ္ဌ(၁)
(၃)	NLD(LA) ဥက္ကဋ္ဌ တင်အောင်	ဒုဥက္ကဋ္ဌ(၂)
(၄)	MPU မှ ခွန်မားကိုဘန်း	ဒုဥက္ကဋ္ဌ(၃)
(၅)	DAB မှ ကျော်လှ	သဘာပတိအဖွဲ့ဝင်
(၆)	NDF မှ ခိုင်စိုးနိုင်အောင်	သဘာပတိအဖွဲ့ဝင်
(၇)	NLD(LA) မှ သန်းထွဋ်ဦး	သဘာပတိအဖွဲ့ဝင်နှင့်
(၈)	NCGUB မှ စိန်ဝင်း	သဘာပတိအဖွဲ့ဝင်

တို့ဖြစ်ကြောင်း။

ထိုအစည်းအဝေးမှ အတွင်းရေးမှူးအဖွဲ့ဝင်များကိုလည်း အသစ်ရွေးချယ်တင်မြှောက်ခဲ့ရာ–

(၁)	FTUB မှ မောင်မောင်	အထွေထွေအတွင်းရေးမှူး
(၂)	NLD(LA) မှ မြင့်သိန်း	အတွင်းရေးမှူး(၁)
(၃)	ABSDF မှ မျိုးဝင်း	အတွင်းရေးမှူး(၂)
(၄)	NDF မှ ခွန်ဥက္ကာ	အတွင်းရေးမှူး(၃)
(၅)	MPU မှ ချစ်တင်	အတွင်းရေးမှူး(၄)
(၆)	KNU မှ ဖဒိုမန်းရှာ	အဖွဲ့ဝင်
(၇)	ABSDF မှ မိဆူးပွင့်	အဖွဲ့ဝင်
(၈)	DPNS မှ အောင်မိုးဇော်	အဖွဲ့ဝင်
(၉)	KNU မှ ဒေးဗစ်ထော	အဖွဲ့ဝင်
(၁၀)	KNU မှ ဒေးဗစ်တာကပေါ	အဖွဲ့ဝင်နှင့်
(၁၁)	NDF မှ မိုင်းအိုက်ဖုန်း	အဖွဲ့ဝင်

တို့ဖြစ်ကြောင်း သတင်းရရှိသည်။

NCUB ဗဟိုအလုပ်အမှုဆောင်အဖွဲ့တွင် ပါဝင်သော NCGUB စိန်ဝင်း၊ FTUB မောင်မောင်တို့အပါအဝင် အဖွဲ့ဝင်အချို့သည် တရားခံပြေး၊ ပြည်ပြေး အကြမ်းဖက် အဖျက်သမားများသာဖြစ်ပြီး NCUB တွင် ပါဝင်သည့် NCGUB၊ FTUB နှင့် ABSDF တို့သည် နိုင်ငံတော်က မတရားအသင်းအဖြစ် ကြေညာခံထားရသော အဖွဲ့များသာဖြစ်သည်။

NCUB အဖွဲ့ဝင် ပြည်ပြေးသောင်းကျန်းသူအဖွဲ့များသည် ပြည်တွင်းရှိ နိုင်ငံရေးပါတီတစ်ခုနှင့် ပါတီဝင်များ၊ မျိုးဆက်သစ်မျိုးဆက်ဟောင်း ခါတော်မီ နိုင်ငံရေးသမားဆိုသူများနှင့် အဆက်အသွယ်ရှိပြီး ပြည်တွင်း၌ ဆူပူအုံကြွမှုများ၊ ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ရန်အတွက် ငွေကြေးပစ္စည်းများ ထောက်ပံ့လျက်ရှိကြောင်း သတင်းများ ဖော်ထုတ်ရရှိထားသည်။

NCUBဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အချို့သည် အကြမ်းဖက် (Terrorist) အဖွဲ့များ၏ အဖွဲ့ဝင်များအဖြစ် နိုင်ငံတော်က ကြေညာခံထားရသူများဖြစ်ရာ NCUB သည် နိုင်ငံတော်နှင့် ပြည်သူလူထုအပေါ် အကြမ်းဖက် အဖျက်လုပ်ရပ်များကိုသာ ဆက်လက်လုပ်ဆောင်သွားနိုင်ကြောင်း၊ NCUB ဗဟိုအလုပ်အမှုဆောင်အဖွဲ့အသစ်ဖွဲ့စည်းလိုက်ခြင်းသည် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အပြုသဘောလုပ်ရပ်များ လုပ်ဆောင်ရန်မဟုတ်ဘဲ ပြည်ပဆရာကြီး၏ ကြိုးကိုင်မှုအောက်တွင် ဆရာတူတပည့်များအဖြစ် တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ပူးပေါင်းလုပ်ဆောင်ကာ ပြည်တွင်းမတည်မငြိမ်မှုများနှင့် ဖောက်ခွဲဖျက်ဆီးမှုများ ဆက်လက်တိုးမြှင့် လုပ်ဆောင်လာနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကို ဂုဏ်ပြုကြိုဆို အကပညာရှင်အား လက်တွေ့ပန်းချီရေးဆွဲမည်

ရန်ကုန် ဩဂုတ် ၂၂

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အကပညာရှင်ကချေသည် မင်းသမီးချော တစ်ဦးအား လက်တွေ့ပန်းချီရေးဆွဲရန် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး ပညာရေးဆပ်ကော်မတီက စီစဉ်လျက်ရှိသည်။

ပါဝင်ဂုဏ်ပြု

ယင်းဂုဏ်ပြုပန်းချီလက်တွေ့ရေးဆွဲပွဲကို စက်တင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း ရန်ကုန်မြို့ကမ္ဘာအေးစေတီလမ်းရှိ ရန်ကုန်ပန်းချီပန်းပုကျောင်းရှိ ကမ္ဘောဇခန်းမ၌ ရေးဆွဲကြမည်ဖြစ်ပြီး မြို့နယ်အသီးသီးမှ အစည်းအရုံးဝင် ရိုးရာပန်းပညာရှင် ပန်းချီဆရာများလည်း ပါဝင်ဂုဏ်ပြုရေးဆွဲကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ဟံသာဝတီ(၂၁)လမ်းနေ ဒေါ်တင်တင်ညွန့်က မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကြ တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ–နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကမ်းရိုးတန်းဒေသများ မိုးလျော့နည်းနိုင်

ရန်ကုန် ဩဂုတ် ၂၂

ယနေ့နံနက် ၉နာရီခွဲအချိန် မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ– လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းသို့ ရွေ့လျားခဲ့ပြီး ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားနည်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

ဩဂုတ် ၂၃ ရက် ညနေအထိ ခန့်မှန်းချက်

ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ကမ်းရိုးတန်းဒေသများတွင် မိုးလျော့နည်းနိုင်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၂၈ ဒသမ ၈ ဒီဂရီစင်တီဂရိတ် (၈၄ ဒီဂရီဖာရင်ဟိုက်) **၂၁–၈–၂၀၀၆**

အနိမ့်ဆုံးအပူချိန် ၂၄ ဒသမ ၈ ဒီဂရီစင်တီဂရိတ် (၇၇ ဒီဂရီဖာရင်ဟိုက်) **၂၂–၈–၂၀၀၆**

၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၉၆ ရာခိုင်နှုန်း **၂၂–၈–၂၀၀၆**

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၂–၈–၂၀၀၆	၁.၁၄လက်မ	၀.၇၉လက်မ	၀.၇၁လက်မ
၁–၁–၂၀၀၆ရက်မှ ယနေ့အထိ	၇၃.၅၈လက်မ	၈၃.၉၀လက်မ	၉၁.၅၀လက်မ

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၁–၈–၂၀၀၆ရက် ၁၇း၁၅နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ၉ မိုင်နှုန်း တိုက်ခတ်သည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃–၈–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	နိုင်ငံတကာအနုပညာရေးရာ
၇း၃၀	တေးဂီတအစီအစဉ်
၇း၃၅	Basic Computer Learning For Beginner (Vol:2)
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၁၅	သတိပြုသင့်တဲ့ ရင်သားကင်ဆာ
၈း၂၅	မိုးလေဝသခန့်မှန်းချက်
၈း၃၀	Celebrity Style (သဇင်)
၉း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀	Midweek Sport News
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး စီမံကိန်းအကြောင်းသိကောင်းစရာ
၉း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀	Myanmar Video Rhythm
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (သဘော်အကျွတ် ယိုမုန့်လုပ်နည်း)
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	ဗုဒ္ဓသာသနာပြု ပြင်သစ်ဆရာတော်ကြီးအား ဂါရဝပြုတွေ့ဆုံပွဲ
၁၁း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	KND 5 B ဒီဇယ်အင်ဂျင်
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	တစ်ကွင်းတစ်စပ် မြစ်ရေတင်လုပ်ငန်းများ
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၁း၂၅	Charlton-Man:Utd	5-Sports (Live)
	Middlebrough-Chelsea	5-Series (Live)

ယနေ့မိုးလေဝသ

၂၃–၈–၂၀၀၆

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ် လူသစ် ဘဝသစ်

ဖိတ်ခေါ်ခရီးကြမ်း ကားမောင်းပြိုင်ပွဲ မြန်မာအမျိုးသမီး မမြသောင်းဝေ အနိုင်ရဗိုလ်စွဲ

ရန်ကုန် ဩဂုတ် ၂၂

Ortev International က ကြီးမှူး၍ အာရှနိုင်ငံများကို ဖြတ်သန်းပြီး အန္တရာယ်နှင့် အခက်အခဲများကို ကျော်ဖြတ်ကာ ခုနစ်ရက်တိုင်တိုင် မောင်းနှင်ရသည့် Asia Cross Country Rally ဖိတ်ခေါ်ခရီးကြမ်း ကားမောင်းပြိုင်ပွဲကို ဩဂုတ် ၆ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ မမြသောင်းဝေ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အနိုင်ရဗိုလ်စွဲခဲ့သည်။

အနိုင်ရ

Asia Cross Country Rally **ဖိတ်ခေါ် ခရီးကြမ်း ကားမောင်းပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သည့် မမြသောင်းဝေ အားတွေ့ရစဉ်။** (သတင်းစဉ်)

ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံများကို ဖြတ်ကျော်ပြီး ၂၅၁၃ ဒသမ ၃ ကီလိုမီတာကွာဝေးသည့် ခရီးကြမ်းတွင် ၁၄၂၈ ဒသမ ၀၄ ကီလိုမီတာသည် ကားလမ်းခရီးဖြစ်ပြီး ၁၀၈၅ ဒသမ ၂၆ ကီလိုမီတာသည် အန္တရာယ်နှင့် အခက်အခဲများရှိသော ခရီးကြမ်းလမ်းဖြစ်သည်။

မမြသောင်းဝေသည် မစ်ဆူဘီရှီ STRADA ကားကို ငှားရမ်းပြီး လမ်းပြ (Navigator) မြန်မာအမျိုးသမီး မသီတဂူဆန်း၏ အကူအညီဖြင့် ပြိုင်ပွဲကို ခရီးစဉ်ပြီးဆုံးသည်အထိ မောင်းနှင်ခဲ့သည်။ ခုနစ်ရက်တိုင်တိုင် မောင်းနှင်ခဲ့သည့် ပြိုင်ပွဲရမှတ်များအပြင် မိမိ၏ပြိုင်ဘက်ကားများကို ဖြတ်ကျော်ပန်းဝင်ခဲ့သည့်အတွက် Asia Cross Country Rally, 1st Ladies Award ဆုကို ရရှိပြီး ဗိုလ်စွဲခဲ့သည်။

ကားမောင်းပြိုင်ပွဲကို ၁၉၉၆ ခုနှစ်မှစတင်၍ ကျင်းပခဲ့ပြီး မလေးရှား၊ ထိုင်း၊ တရုတ်၊ မြန်မာ၊ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် စင်ကာပူနိုင်ငံများသို့ အလှည့်ကျဖြတ်သန်းပြီး ပြိုင်ပွဲကို ကျင်းပခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် ကျင်းပသည့် ပြိုင်ပွဲတွင် မြန်မာနိုင်ငံရှိ ရှမ်းပြည်နယ်၊ တာချီလိတ်၊ ကျိုင်းတုံ၊ မိုင်းလားမြို့များသို့ ဖြတ်သန်းခဲ့သည်။ မမြသောင်းဝေသည် မြန်မာနိုင်ငံမှ ပထမဦးဆုံးဝင်ရောက်ယှဉ်ပြိုင်သည့် မြန်မာအမျိုးသမီးဖြစ်ပြီး ပြိုင်ပွဲပွဲစဉ်ပြီးဆုံးသည်အထိ ပန်းဝင်မောင်းနှင်ခဲ့သည့်ဆုနှင့် ပြိုင်ဘက်အဖွဲ့များအပေါ် အနိုင်ရဗိုလ်စွဲခဲ့သည့် ဆုနှစ်ဆုတို့ကိုပါရရှိခဲ့သည်။

ပြိုင်ပွဲကို ဩဂုတ် ၆ ရက် ညနေ ၄ နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ စတင်ထွက်ခွာခဲ့ပြီး ဩဂုတ် ၁၀ ရက် ညနေပိုင်းတွင် လာအိုနိုင်ငံ Pakxe သို့ ရောက်ရှိ၍ ဩဂုတ် ၁၂ ရက်တွင် ထိုင်းနိုင်ငံ Ubonrachathani ၌ ပန်းဝင်ခဲ့သည်။

ညဘက်တွင် ကားမောင်းပြိုင်ခြင်းမရှိဘဲ သတ်မှတ်နေရာများတွင် ညအိပ်ရပ်နားကြသည်။ ဩဂုတ် ၁၁ ရက်တွင် လာအိုနိုင်ငံအတွင်း ခရီးကြမ်းဖြတ်သန်းမောင်းနှင်စဉ် နွံထဲတွင် နှစ်ကြိမ်နစ်ခဲ့ရာ ခက်ခဲစွာမောင်းနှင်ပြီး တက်ခဲ့ရသည်။ ချောင်းထဲတွင် တစ်ကြိမ်နစ်မြုပ်ခဲ့ရာ ပြိုင်ပွဲဝင်ကားများ၏ အကူအညီဖြင့်ဆွဲတင်ပြီး ဆက်လက်မောင်းနှင်နိုင်ခဲ့သည်။

ပြိုင်ပွဲသို့ ကျား၊ မ အဖွဲ့ စုစုပေါင်း ၄၆ ဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မမြသောင်းဝေမှာ ပြိုင်ပွဲတစ်ခုလုံး၌ အဆင့် ၂၀ အတွင်းသို့ ဝင်ရောက်နိုင်ခဲ့သည်။ ပြိုင်ပွဲတွင် ပြည့်စုံမှုမရှိဘဲ အခက်အခဲ၊ အန္တရာယ်များကို ကျော်ဖြတ်ပြီး မြန်မာပြည်၊ မြန်မာလူမျိုးတို့၏အမျိုးဂုဏ်ကို မြန်မာအမျိုးသမီးများက စွမ်းဆောင်နိုင်သည်ကို ပြသနိုင်ခဲ့ခြင်းဖြစ်သည်။

မမြသောင်းဝေသည် အသက် (၃၄)နှစ်ရှိပြီး PM Co., ၏ မန်နေဂျင်းဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ထို့ပြင် မြန်မာအမျိုးသမီးစွမ်းဆောင်ရှင်များအသင်း၏ အမှုဆောင်တစ်ဦးလည်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းသို့ လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပြည်သာယာ(ကျိုက္ကစံစူပါဝမ်း၊ တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအတွက် ဦးတင်အုန်း၊ တောင်တွင်းကြီး ပုလဲစာပေအား ရည်စူး၍ မိသားစုများဖြစ်ကြသော သုဝဏ္ဏ ရွှေအင်ကြင်းရိပ်မွန်နေ ဒေါ်ကြင်မြိုင်မိသားစုက ငွေကျပ်ငါးသိန်း၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်နေ ဗိုလ်မှူးချင်စိုး (ငြိမ်း)၊ ဒေါက်တာဒေါ်ရီရီမြင့် မိသားစုက ငွေကျပ်တစ်သိန်း၊ နတ်မောက်မြို့နေ ဦးထွန်းဝင်း–ဒေါ်ဆယ်သိန်း၊ သား မောင်ကောင်းထွန်းဇော် မိသားစုက ကျပ်တစ်သောင်းကို ရွှေပြည်ဟိန်း ဆရာတော် အရှင်ခေမာသိရီလင်္ကာရထံ လှူဒါန်းကြသည်။ ဆေးနှင့် အလှူတော်ငွေများကို ရွှေပြည်ဟိန်းကျောင်း ဖုန်း–၅၄၁၄၉၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ရေဝတီတိုင်းဓမ္မာရုံတွင် ဝါဆိုသင်္ကန်း စုပေါင်းဆက်ကပ်မည်

ရန်ကုန် ဩဂုတ် ၂၂

ဧရာဝတီတိုင်း ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေး အကျိုးတော်ဆောင်အဖွဲ့နှင့် ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်အသင်း(ရန်ကုန်)တို့ စုပေါင်း၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အမှူးပြုသော သံဃာတော် ကိုးပါးတို့အား သတ္တမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ အမှတ်(၂၁/၄၃–စီ) ကြားတောရလမ်းရှိ ဧရာဝတီတိုင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်အသင်းဝင်များနှင့် မြို့နယ်သူ၊ မြို့နယ်သားများ အားလုံးတို့သည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြည်ညိုကြရန်နှင့် သင်္ကန်း၊ ဆွမ်း၊ ဝတ္ထုငွေများ ပါဝင်လှူဒါန်းလိုပါက အကျိုးတော်ဆောင်အဖွဲ့ ဖုန်း–၂၇၀၅၇၉ နှင့် ၃၈၁၃၆၀ တို့သို့လည်းကောင်း၊ သက်ဆိုင်ရာ မြို့နယ်အသင်းအမှုဆောင်များတို့သို့ လည်းကောင်း ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သုတဘာဏ်စာတမ်းဖတ်မည်

ရန်ကုန် ဩဂုတ် ၂၂

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် သုတဘာဏ်စာတမ်းဖတ်ပွဲတွင် ဦးအေးချို (မဟာဝိဇ္ဇာ) က “၁၈၈၅ ခုနှစ်အထိ မြန်မာအက္ခရာဖြင့် ပုံနှိပ်ထုတ်ဝေခဲ့သော စာအုပ်များ (အပိုင်း–၃)” စာတမ်းကို ဩဂုတ် ၂၆ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန် အဆောက်အအုံရှိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမ၌ ဖတ်ကြားမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆုချီးမြှင့်



ဒဂုံမြို့သစ်(မြောက်ပိုင်း) အမက (၄) မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နှစ်ပတ်လည် အစည်းအဝေးကို ဩဂုတ် ၁၂ ရက်က ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းလွင်က တတိယတန်း(က)မှ ထူးချွန်ဆုရရှိသော မဆုဇာယဉ်ထက်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

ထရက်ဇီဂေးနှင့် ကာမိုရာဆီနိုတို့အား ခေါ်ယူနိုင်ရန် အိုလံပစ်လီယွန်ကြိုးပမ်းနေ

လီယွန် ဩဂုတ် ၂၂

ပြင်သစ်နိုင်ငံမှ ထိပ်တန်းဘောလုံးအသင်းဖြစ်သော အိုလံပစ်လီယွန်အသင်းသည် ဂျူဗင်းတပ်စ်အသင်းမှ ဒေးဗစ်ထရက်ဇီဂေးနှင့် မော်ရိုကာမိုရာဆီနီတို့ကို ရရှိရေးအတွက် အစွမ်းကုန်ကြိုးပမ်းနေကြောင်း ဩဂုတ် ၂၂ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပြင်သစ်ချန်ပီယံ လီယွန်အသင်းသည် ပြီးခဲ့သည့် နွေရာသီတစ်လျှောက်လုံးတွင် ထရက်ဇီဂေးနှင့် ကာမိုရာဆီနီတို့ကို ခေါ်ယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ဂျူဗင်းတပ်စ်အသင်းက ၎င်းတို့ကိုလုံးဝလွှဲပြောင်းရောင်းချမည် မဟုတ်ဟု ဆိုသည်။ သို့ရာတွင် လီယွန်အသင်းဥက္ကဋ္ဌ ဂျင်းမစ်ချယ်အူလက်စ်သည် ၎င်း၏အသင်းကို အင်အားကောင်းမွန်သည့် အသင်းအဖြစ်ရပ်တည်နိုင်ရန် အဆိုပါ ဘောလုံးသမားနှစ်ဦးကို ခေါ်ယူလိုခြင်းဖြစ်သည်။ မိမိတို့အသင်းမှ မဟာမာဒူဒါရာအား ရီးယဲလ်မက်ဒရစ်အသင်းသို့ ရောင်းချခဲ့ရာတွင် ရရှိခဲ့သောငွေကြေး ပေါင်ငွေ ၁၈ သန်းကို အသုံးပြု၍ ထရက်ဇီဂေးနှင့် ကာမိုရာဆီနီတို့အား ဝယ်ယူနိုင်ရန် အူလက်စ်က ကမ်းလှမ်းထားသည်။ ***အင်တာနက်။***

အင်တာနက် အားကစား သတင်းများ



ပြင်သစ် နိုင်ငံတကာ တိုက်စစ်မှူး ဒေးဗစ်ထရက်ဇီဂေး။ *(ဓာတ်ပုံ–အင်တာနက်)*

အင်္ဂလန်တိုက်စစ်မှူး အလန်စမစ်၏ ကစားဟန်။ *(ဓာတ်ပုံ–အင်တာနက်)*

ခြောက်လအတွင်း ပထမဆုံးအကြိမ် အလန်စမစ် ဘောလုံးပြန်လည်ကစား

မန်ချက်စတာ ဩဂုတ် ၂၂

ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲတွင် လီဗာပူးအသင်းနှင့် ယှဉ်ပြိုင်ကစားစဉ်အတွင်း ထိခိုက်ဒဏ်ရာရရှိခဲ့သူ အလန်စမစ်သည် ခြောက်လတာကာလအတွင်း ပထမဆုံးအကြိမ် ဘောလုံးပြိုင်ပွဲသို့ ပြန်လည်ရောက်ရှိလာကြောင်း ဩဂုတ် ၂၂ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

မန်ချက်စတာယူနိုက်တက်အသင်းမှ အလန်စမစ်သည် ယမန်နေ့ညက မန်ချက်စတာယူနိုက်တက်အသင်း၏ အရန်ဘောလုံးသမားများနှင့် ပရက်စတန်အသင်း၏ အရန်ဘောလုံးသမားများ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် ပါဝင်ကစားခဲ့သည်။ ဘောလုံးပြန်လည်ကစားခဲ့ရာတွင် မိမိ၏ ကစားနိုင်မှုအခြေအနေနှင့် ပတ်သက်၍ ကျေနပ်မှုဖြစ်ရကြောင်း အလန်စမစ်က ပြောကြားသည်။

အလန်စမစ်သည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် အင်္ဂလန်အသင်းတွင် ပါဝင်ကစားနိုင်ရန် မျှော်မှန်းခဲ့သော်လည်း အချိန်မီ နာလန်ထူနိုင်ခဲ့ခြင်းမရှိပေ။ ***အင်တာနက်။***

ရောဘတ်ပီရက်စ် ဒူးခေါင်းဒဏ်ရာရ ဗီလာရီးယဲလ်အသင်း အားနည်းမှုဖြစ်ရ

ဗီလာရီးယဲလ် ဩဂုတ် ၂၂

စပိန်လာလီဂါပြိုင်ပွဲဝင် ဘောလုံးအသင်းဖြစ်သော ဗီလာရီးယဲလ်အသင်းမှ ရောဘတ်ပီရက်စ်သည် ပြီးခဲ့သည့် ရက်သတ္တပတ်ကုန်က ဘောလုံးရာသီအကြို ယှဉ်ပြိုင်ကစားသည့်ပွဲတွင် ဒူးခေါင်းဒဏ်ရာရရှိလိုက်ရာ လာလီဂါ (ပရီမီယာလီဂါ) ဘောလုံးပြိုင်ပွဲအဖွင့်ပွဲစဉ်တွင် ပါဝင်ကစားနိုင်မည်မဟုတ်သဖြင့် ယင်းအသင်းအတွက် ကြီးစွာသော အားနည်းချက်ဖြစ်ရကြောင်း ဩဂုတ် ၂၂ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ပြင်သစ်လူမျိုး နိုင်ငံတကာဘောလုံးသမား ရောဘတ်ပီရက်စ်သည် နွေရာသီ ဘောလုံးသမား အပြောင်းအရွှေ့ရာသီတွင်မှ ဗီလာရီးယဲလ်အသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်သည်။ ၎င်းသည် ကာဒစ်ဇ်အသင်းနှင့် ယှဉ်ပြိုင်ကစားစဉ်အတွင်း ဝဲဘက်ဒူးခေါင်းတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အာဆင်နယ် ဘောလုံးသမားဟောင်း ပီရက်စ်သည် ဒူးခေါင်းဒဏ်ရာအတွက် ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်ကြောင်း ဗီလာရီးယဲလ်အသင်းဥက္ကဋ္ဌ ဖာနန်ဒိုရိုးယစ်က ပြောကြားသည်။ ***အင်တာနက်။***

အာဆင်နယ် ဘောလုံးသမားဟောင်း ပီရက်စ် (အလယ်) **အား ပြီးခဲ့သည့် မေလက လေ့ကျင့်ရေးကွင်းတွင် တွေ့ရစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*

www ဒေါ့ကွန်း တစ်ခုတောင်မပိုင်ဘဲကမ္ဘာကြီးကိုရင်ဘတ်ဖွင့်ပြချင်သူတစ်ယောက်၏ဒေတာဖိုင်
နှင်းနှင်း
မော်အတတ်နဲ့ လုပ်ထားတဲ့စကားလုံးတွေရဲ့ ဥလက်
ဉာဏ်ဝင်းစာပေ
ထွက်ပြီ
ဖြန့်ချိရေး-၅၄၃၀၁၈

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် နှစ်ဖက်မိဘများအား ရည်စူး၍ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၁၄)ရပ်ကွက် ကျောက်ကုန်းလမ်းနေ ဦးကျော်စိန်(သံပန်းတံခါး) ဒေါ်ခင်အေး သားသမီးမြေး မိသားစုက အလှူတော်ငွေကျပ်သုံးသိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဦးကုသလ M.A ရှေ့မှောက်၌ တာဝန်ခံ ကိုမျိုး(ဗုဒ္ဓဂယာ)ထံသို့ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဓမ္မကထိကဆရာတော်များ ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနာ့နုဂ္ဂဟ ဆန်လှူအသင်းကြီး၏ အကြိမ်(၈၀)မြောက် အကျိုးတော်ဆောင် ဓမ္မကထိကဆရာတော်များ ဂုဏ်ပြုပူဇော်ပွဲနှင့် အလှူငွေကျပ် လေးသောင်းနှင့်အထက် အလှူရှင်များအား ဂုဏ်ပြုပွဲကို အသင်းတိုက်တည်ရာ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အထက် ကြည့်မြင်တိုင်လမ်း အမှတ်(၈၉)တွင် ဩဂုတ် ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပမည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများနှင့် အလှူရှင်များအား ဖိတ်ကြားထားသည်။ (က-ပ)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင်ရဟန်းတော်များအဖွဲ့ပိုင် ကျောင်းအတွက် နှစ်ဖက်သောမိဘများကို အမှူးထား၍ မြောင်းမြမြို့ (သပြေဖြူဆေးခန်း) Dr. မောင်မောင်အောင်- Dr. လှလှဝင်း၊ သား-မောင်အောင်ကျော်သူ၊ သမီး-မယုမွန်မွန်အောင် မိသားစုက အမေရိကန်ဒေါ်လာတစ်ရာ လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဆရာတော်အရှင်ရာဇိန္ဒက ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။ (က-ပ)

မြန်မာကံကောင်းကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးကိုကိုအောင်(ခ)ဦးဇော်မြင့်ထွန်းနှင့် သက်ဆိုင်သူအများသိစေရန်ကြော်ငြာ

၁။ ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ သိမ်ဖြူလမ်း၊ အမှတ်(၄၅၃)တွင် ရုံးခန်းတည်ရှိသည့် Motherland Group Construction Co., Ltd. ၏ မန်နေဂျင်းဒါရိုက်တာ ဦးတင်အေး၊ [၁၂/မဂတ(နိုင်) ၀၄၉၃၇၄]၏ ညွှန်ကြားချက်အရ-

အမှတ်(၁၂၄)၊ ၅၁လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးခန်းတည်ရှိသည့် မြန်မာကံကောင်းကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးကိုကိုအောင်(ခ) ဦးဇော်မြင့်ထွန်း [၁၂/သခန(နိုင်)၀၂၀၅၁၅]သည် ရန်ကုန်တိုင်း၊ ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၁၀-H[၃])၊ မြေကွက်အမှတ်(I-၁၈)၊ မြေအကျယ် (၀ ဒသမ ၀၈၃)ဧက၊ နှစ်(၆၀)မြေငှားဂရန်မြေမျိုး မြေကွက်နှင့် မြေပေါ်ရှိ အမှတ်(၁၁၃/၁၁၅/၁၁၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်ဟုခေါ်တွင်သော နှစ်ထပ်အိမ်ဟောင်းကို ဖျက်သိမ်း၍ (လေး)ခန်းတွဲ (ရှစ်)ထပ်တိုက်သစ်ဆောက်လုပ်ရန်လုပ်ငန်းကို မြေပိုင်ရှင် ဒေါ်ရီရီကြိုင်၊ ဒေါ်ခင်သန်းကြိုင်၊ ဒေါ်ခင်မြကြိုင်၊ ဒေါ်ခင်သင်းကြိုင်၊ ဒေါ်ခင်ဆွေကြိုင်တို့နှင့် ၂၇-၇-၂၀၀၅ရက်နေ့တွင် သဘောတူစာချုပ် ချုပ်ဆိုထားပြီး ယင်းလုပ်ငန်းကို မြေပိုင်ရှင် ဒေါ်ရီရီကြိုင်ပါ ငါးဦးက အခြားကန်ထရိုက်တာသို့ လွှဲပြောင်းပေးခွင့်သဘောတူပါသည်ဟုလည်းကောင်း၊ နှစ်(၆၀)မြေငှား ဂရမ်နှင့် မြေပိုင်ဆိုင်ကြောင်း စာချုပ်စာတမ်းမူရင်းများ လက်ဝယ်ရှိပါသည်ဟုလည်းကောင်း ယုံကြည်အောင်ပြောဆို၍ ၂၆-၁၀-၂၀၀၅ရက်နေ့တွင် ကျွန်ုပ်၏မိတ်ဆွေ ဦးတင်အေးပိုင်ဆိုင်သော Motherland Group Construction Co., Ltd. နှင့် လုပ်ငန်း လွှဲပြောင်းပေးသော စာချုပ်ချုပ်ဆိုကာ အလိုက်ငွေကျပ် သိန်း(၃၀၀)ကို လက်ခံရယူသွားခဲ့ပါသည်။

၂။ ဦးကိုကိုအောင်(ခ) ဦးဇော်မြင့်ထွန်းသည် လုပ်ငန်းလွှဲပြောင်းစာချုပ်ချုပ်သည့်အချိန်(နှစ်)လအတွင်း နှစ်(၆၀)မြေငှားဂရမ်စာချုပ်မူရင်း မြေပိုင်ဆိုင်မှုစာချုပ် စာတမ်းမူရင်းနှင့် အမှတ်(၁၁၃/ ၁၁၅/၁၁၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ အိမ်ဟောင်းနှင့် တည်ရာမြေကွက်ကို လက်ရောက်အပ်နှံပေးမည်ဟု စာချုပ်ထဲတွင် သဘောတူထားသော်လည်း သတ်မှတ်ချိန်အတွင်း ဆောင်ရွက်ပေးနိုင်ခြင်းမရှိခဲ့ပါ။ ထို့ကြောင့် ကျွန်ုပ်၏ မိတ်ဆွေဦးတင်အေး၏ ကုမ္ပဏီမှစုံစမ်းသည့်အခါ မြေပိုင်ရှင် ဒေါ်ရီရီကြိုင်ပါ ငါးဦးတွင် အမွေဆိုင်မောင်တော်သူ နှစ်ဦးရှိနေပြီး အမွေဆိုင်ဦးရန်အောင်နှင့် ဒေါ်ရီရီကြိုင်ပါ ခြောက်ဦးသည် ယင်းမြေကွက်နှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်း၊ တွဲဖက်တိုင်း တရားသူကြီး(၆)ရုံး၌ တရားမကြီးမှုဖြစ်နေပြီး တရားမဇာရီမှု အဆင့်သို့ရောက်ရှိနေကာ ယင်းမြေကွက်နှင့်အိမ်ကို တရားရုံးတော်မှ လေလံတင်ရောင်းချသည့်အဆင့်သို့ ရောက်ရှိနေကြောင်း သိရှိရပါသည်။ ဒေါ်ရီရီကြိုင်ပါ ငါးဦးသည် ဦးကိုကိုအောင်(ခ)ဦးဇော်မြင့်ထွန်းနှင့် စာချုပ် မချုပ်မီကပင် အခြားကန်ထရိုက်တာတစ်ဦးနှင့် စာချုပ်ချုပ်ဆို၍ မြေငှားဂရမ် စာချုပ်မူရင်း၊ ပိုင်ဆိုင်မှုစာချုပ်မူရင်းပေးကာ အလိုက်ငွေ ရယူထားကြောင်းသိရှိရပါသည်။

၃။ ဦးကိုကိုအောင်(ခ)ဦးဇော်မြင့်ထွန်းသည် အထက်စာပိုဒ်(၃)ပါ ကိစ္စရပ်များကို ကြိုတင်သိရှိပြီးဖြစ်ပါလျက် ဖုံးကွယ်ထိန်ချန်ထားကာ လုပ်ငန်းလွှဲပြောင်းစာချုပ်ကို ချုပ်ဆို၍ အလိုက်ငွေအတွင်းမှ ကျပ်သိန်း(၃၀၀)ကို မရိုးမဖြောင့်သောသဘောဖြင့် အလွဲပြောဆိုရယူသွားခြင်းဖြစ်၍ ယင်းစာချုပ်ကို အကောင်အထည်ဖော်နိုင်ခြင်းမရှိသည့်အပြင် ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီဂရီကလွှမ်းမိုးပြီးဖြစ်၍ မြန်မာကံကောင်းကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးကိုကိုအောင်(ခ) ဦးဇော်မြင့်ထွန်းသည် ကျွန်ုပ်၏ မိတ်ဆွေဦးတင်အေး၏ ကုမ္ပဏီသို့ အလိုက်ရယူထားငွေ ကျပ်သိန်း(၃၀၀)၏ နှစ်ဆနှင့်ညီမျှသော ငွေကျပ်သိန်း(၆၀၀)ကို ပြန်လည်ပေးလျော်ရမည့်အနေအထားသို့ ရောက်ရှိသွားပြီးဖြစ်ပါသည်။

၄။ သို့ပါ၍ မြန်မာကံကောင်း ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးကိုကိုအောင်(ခ)ဦးဇော်မြင့်ထွန်းသည် ကျွန်ုပ်၏ မိတ်ဆွေဦးတင်အေး Motherland Group Construction Co., Ltd.ထံသို့ပြန်လည်ပေးလျော်ရမည့် ငွေကျပ်သိန်း(၆၀၀)တိတိကို ၃၁-၈-၂၀၀၆ရက်နေ့မတိုင်မီ လာရောက်ပေးသွင်းပါရန်နှင့် ၎င်းငွေကို လာရောက်ပေးသွင်းရန် ပျက်ကွက်ခဲ့ပါက စာချုပ်ပါစည်းကမ်းချက်များနှင့် ကတိဝန်ခံချက်အရ ပြစ်မှုကြောင်း/တရားမကြောင်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အဆိုပါမြေကွက်နှင့် အိမ်ဟောင်းသည် (လေး)ခန်းတွဲ(ရှစ်)ထပ်တိုက်သစ်ဆောက်လုပ်ရန် ကျွန်ုပ်၏မိတ်ဆွေ ဦးတင်အေး၏ Motherland Group Construction Co., Ltd.နှင့် စာချုပ်များချုပ်ဆိုထားခြင်းသည် ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီဂရီက လွှမ်းမိုးသွားပြီးဖြစ်၍ အခြားကန် ထရိုက်တာများနှင့် မည်သူမဆို ကန်ထရိုက်စာချုပ်များ ထပ်မံချုပ်ဆိုခြင်း မပြုလုပ်မိကြစေရေးအတွက် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးလှမြင့်(ဒဂုံ)စဉ်-၉၀၁၂
အထက်တန်းရှေ့နေ
အမှတ်(၁၀-၁၂)၊ ပထမထပ်၊ အခန်းအမှတ်(၁၀၄/F)၊
၃၅လမ်း၊ လမ်းတို၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၅၃၄၃၆၉၊ ၂၀၄၀၅၈

ကျောင်းဆောက်လုပ်ရေးလှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက် ကျောက်ရေတွင်း ဓမ္မပါလလမ်းရှိ ဒွိပိဋကဓရ ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိရောစန တည်ထောင်အုပ်ချုပ်သော မဟာသုခါရာမ စာသင်တိုက်အတွင်း တည်ဆောက်လျက် ရှိသည့် သောတုဇန သုံးထပ်ကျောင်းတော်ကြီးအတွက် စေတနာရှင်များ လှူဒါန်းလိုပါက ကျောင်းတိုက်ဖုန်း-၀၁-၆၅၁၅၀၈ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပဲခူးမြို့ သံဃာ့ဆေးကုခန်းအတွက် ငွေလှူ စေတနာရှင်များ ဆက်သွယ်လှူဒါန်းနိုင်

ပဲခူး ဩဂုတ် ၂၀

ပဲခူးမြို့ ကုသိုလ်ဖြစ် သံဃာ့ဆေးကုခန်းအတွက် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၁၃ရက် မွန်းလွဲပိုင်းက စေတီတော်မြတ်ကြီး၏ အရှေ့ဘက်မုခ်အနီးရှိ ဆေးခန်းတည်ရာတွင် ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်မြို့ ကျောက်ကုန်း အောင်ဇေယျလမ်းနေ ဒေါ်ကျင့်ယို၊ သားသမီးမြေး တစ်စုက ဖခင်ကြီး ဦးရန်ဂုက်၊ မိခင်ကြီး ဒေါ်ရင်ကျွေနှင့် ညီမ ဒေါ်ကျင်လွမ်းတို့ကို ရည်စူး၍ သံဃာ့ဆေးခန်းအတွက် ငွေကျပ်ခြောက်သိန်းကို ပေးအပ် လှူဒါန်းရာ သံဃာ့ဆေးခန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးမြင့်ဦးက လက်ခံယူသည်။**(အပေါ်ပုံ)**

အဆိုပါဆေးခန်းတွင် တနင်္ဂနွေနေ့မှ သောကြာနေ့အထိ သံဃာတော်များအား လည်းကောင်း၊ စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် သာသနာ့နွယ်ဝင် သီလရှင်များအား လည်းကောင်း ဆရာဝန်လေးဦးတို့က အလှည့်ကျစမ်းသပ်ကုသပေးလျက်ရှိသည်။ သံဃာ့ဆေးခန်းသို့ လှူဒါန်းလိုသူများသည် သံဃာ့ဆေးခန်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး ဖုန်း-၂၄၆၁၃၊ ဘဏ္ဍာရေးမှူး ဦးကျော် (ကမ္ဘာလင်း)ဖုန်း-၀၉-၅၃၀၀၆၁ နှင့် ၂၁၆၆၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သိရသည်။ (၁၇၃)

တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေးသင်တန်းများဆင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်တိုင်း တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေး သင်တန်းအမှတ်စဉ်(၂၇၊ ၂၈၊ ၂၉) ဆင်းပွဲကို ယမန်နေ့နံနက် ၉နာရီက တာမွေမြို့နယ် အထက(၅) ကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းကသင်တန်းဆင်းအမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းတွဲဖက်အတွင်းရေးမှူးက သင်တန်းအမှတ်စဉ်(၂၇)တွင် ထူးချွန်သင်တန်းသားသုံးဦးအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ချီးမြှင့်သည်။ ထို့နောက် တိုင်းအလုပ်အမှုဆောင် ဦးတင်လှိုင်နှင့် ခရိုင်အလုပ်အမှုဆောင် ဦးစိန်မြင့်က ထူးချွန် သင်တန်းသားများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးဝင်းမော်က သင်တန်းဆင်းလက်မှတ်များကိုပေးအပ်သည်။

ထပ်ဆင့်ဂုဏ်ပြု

ထို့နောက် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြို့နယ်အတွင်း အောင်ချက် အကောင်းဆုံးဆုရ အထက(၅)အား ထပ်ဆင့်ဂုဏ်ပြုလက်ဆောင်ကို မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသန်းဝင်းက ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးဒေါ်တင်ကြည် လက်ခံရယူသည်။ (ကြေးမုံ)

ကွယ်လွန်သူ ဦးသိန်းအားရည်စူး၍ ဗဟန်းမြို့နယ် ဆရာစံတောင်ရပ်ကွက် ဦးချစ်မောင်လမ်းနေ ဒေါ်နု မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ တိုးချဲ့ဆေးရုံအဆောက်အအုံအတွက် အလှူငွေကျပ်ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က-ပ)

ကမာရွတ်မြို့နယ် အမက(၆) ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၁၉ရက်က ကျင်းပရာ သူငယ်တန်းမှစ၍ စတုတ္ထတန်းအထိ နှစ်စဉ်ဆုရရှိသူ မခင်စန္ဒီစိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းသိန်းမြင့်ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အခွန်လွတ်ဈေးများ၊ ကုန်စိမ်းဈေးများနှင့် ဟင်းသီးဟင်းရွက်အအေးခန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများ၊ အင်းစိန်မြို့နယ်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာန၏ တညင်းကုန်း ကုန်စိမ်းဈေးနှင့် အင်းစိန်မြို့နယ် ဗဟိုလမ်းရှိ ဟင်းသီးဟင်းရွက်အအေးခန်း၊ ကြည့်မြင်တိုင်မြို့နယ်ရှိ သီရိမင်္ဂလာ ဈေးများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နံနက် ၆နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၈)ရပ်ကွက် ရာဇာဓိရာဇ်လမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ ဒဂုံမြို့သစ်(မြောက်ပိုင်း) ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ ရောက်ရှိလာရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ⇨**

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တညင်းကုန်း ကုန်စိမ်းဈေးတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ နမ္မတီးတံတား(ကံလှ)ဖွင့်ပွဲကျင်းပ ပြည်နယ်အေးချမ်းသာယာလာသည်နှင့်အမျှ ပြည်နယ်အတွင်း လမ်းတံတားများတည်ဆောက်လျက်ရှိ နမ္မတီး(ကံလှ)တံတားသည် ကချင်ပြည်နယ်အနေဖြင့် ၁၄စင်းမြောက်ဖွင့်နိုင်သည့်တံတားကြီးတစ်စင်းဖြစ်

ရန်ကုန် ဩဂုတ် ၂၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၅)က ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ရွှေဘို-မြစ်ကြီးနားလမ်းရှိ နမ္မတီးချောင်းကို ဖြတ်၍ တည်ဆောက်ပြီးစီးသွားပြီဖြစ်သည့် နမ္မတီးတံတား(ကံလှ) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီ မိနစ် ၄၀ တွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ မင်္ဂလာစည်တော်အကအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ တိုင်းရင်းသား ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် **စာမျက်နှာ ၉ ကော်လံ ၃ သို့ ❐**

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့ နမ္မတီးတံတား(ကံလှ)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)



နမ္မတီးတံတား(ကံလှ)

မိုးကောင်းမြို့နယ် နမ္မတီးချောင်းကိုဖြတ်၍ တည်ဆောက်ပြီးစီးသွားသည့် နမ္မတီးတံတား(ကံလှ)ကို တွေ့ရစဉ်။

(သတင်းစဉ်)